MIFER

ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER Newsletter
No: 2, Vol: 2/2025

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် (ဗုဒ္ဓဟူးနေ့)

အမေရိကန်၏ နည်းပညာအရင်းအမြစ် ထိန်းချုပ်မှုသည် တရုတ်၏ နည်းပညာရည်မှန်းချက်များကို စိန်ခေါ်လျက်ရှိ
စာမျက်နှာ ၁

ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှု နှေးကွေးခြင်းကြောင့် အတိုးနှုန်းတက်ခြင်း လျော့ကျစေနိုင်
စာမျက်နှာ ၉

“ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်အတွက် အာဆီယံသည် ပိုမိုအားကောင်းသော ပြုပြင်ပြောင်းလဲမှုများ လိုအပ်ကြောင်း” စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ပြောကြား
စာမျက်နှာ ၁၄

ထိုင်းနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ဖွန့်လှဲအမှာစာအသစ်များ တိုးတက်ရရှိခဲ့
စာမျက်နှာ ၃၁









သတင်းများ

အမေရိကန်၏နည်းပညာအရင်းအမြစ်ထိန်းချုပ်မှုသည် တရုတ်၏နည်းပညာရည်မှန်းချက်များကိုစိန်ခေါ်လျက်ရှိ	ဒေါ်ဇာလီနွယ် (UMO)	၁
ဗီယက်နမ် ပို့ကုန်များအပေါ် အကောက်ခွန် ၂၀ ရာခိုင်နှုန်းကောက်ခံမည်ဟု သမ္မတထရမ့် ပြောကြား	ဒေါ်ဝေဝေလွင် (UMO)	၅
အီရန်နျူကလီးယား စောင့်ကြည့်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆိုင်းငံ့ထားခြင်းကြောင့် ရေနံဈေး ၃ ရာခိုင်နှုန်းမြင့်တက်	ဒေါ်အိသက်ခိုင် (UMO)	၇
ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှု နှေးကွေးခြင်းကြောင့် အတိုးနှုန်းတက်ခြင်း လျော့ကျစေနိုင်	ဒေါ်အိသက်ခိုင် (UMO)	၉
ကမ္ဘောဒီးယားနိုင်ငံတွင် ဒေါ်လာ သန်း ၅၀၀ တန်ဖိုးရှိ ဆိုလာစွမ်းအင် စီမံကိန်းဆောင်ရွက်မည်ဟု တရုတ် ရင်းနှီးမြှုပ်နှံသူ ကတိကဝတ်ပြု	ဒေါ်မြသက်ချယ် (FERD)	၁၀
အမေရိကန်၏ အကောက်ခွန်နှုန်း တိုးမြှင့်ကောက်ခံမည့်ရက် ရွှေ့ဆိုင်းမှုကြောင့် ကုန်သွယ်မှု ကမ်းလှမ်းချက် အသစ်ပေါ် ထိုင်းနိုင်ငံ စိတ်ဝင်စားလျက်ရှိ	ဒေါ်ယမင်းသော် (FERD)	၁၂
“ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်အတွက် အာဆီယံသည် ပိုမိုအားကောင်းသော ပြုပြင်ပြောင်းလဲမှုများ လိုအပ်ကြောင်း” စင်ကာပူနိုင်ငံဝန်ကြီးချုပ် ပြောကြား	ဒေါ်အိအိငြိမ်း (FERD)	၁၄
တရုတ်ထုတ်ကုန်အမှတ်တံဆိပ်များသည် ကမ္ဘာ့စားသုံးသူ များအတွက် ရွေးချယ်စရာများ ပိုမိုပေးစွမ်းနိုင်	ဦးနိုင်မင်းထွန်း (FERD)	၁၆
ကုန်သွယ်ရေးဆွေးနွေးပွဲအတွက် ထိုင်းနိုင်ငံဘဏ္ဍာရေးဝန်ကြီး အမေရိကန်သို့ သွားရောက်မည်	ဒေါ်ဟေမာန်ခိုင်ဝင်း (FERD)	၁၇

သတင်းများ

မြောက်ကိုရီးယားနိုင်ငံက Wonsan အထိမ်းအမှတ် ကမ်းခြေ ခရီးသွားဇုန်အား ဖွင့်လှစ်	ဒေါ်ခိုင်သဇင် (FERD)	၁၈
အီရန်-အစ္စရေး ပဋိပက္ခသည် ငွေလွှဲဝင်ငွေအပေါ် မှီခို နေသည့် နီပေါစီးပွားရေးအပေါ် ခြိမ်းခြောက်လာစေပြီး ငွေကြေးဖောင်းပွမှု မြင့်တက်လာနိုင်	ဒေါ်ခိုင်သဇင် (FERD)	၂၀
တရုတ်နိုင်ငံ၏အကျိုးစီးပွားကိုထိခိုက်စေမည့်ကုန်သွယ် ရေးသဘောတူညီချက်များကိုအမေရိကန်နှင့် လက်မှတ် ရေးထိုးခြင်းမပြုရန် တရုတ်နိုင်ငံက သတိပေး	ဒေါ်ဟောမာန်ခိုင်ဝင်း (FERD)	၂၄
သတ်မှတ်ထားသည့် နောက်ဆုံးရက် နီးကပ်လာပြီ ဖြစ်သဖြင့် သမ္မတထရန့်မ်က ဂျပန်နိုင်ငံကို ၃၅ ရာခိုင် နှုန်းအထိ အခွန်တိုးမြှင့်ကောက်ခံမည်ဟု ခြိမ်းခြောက်	မြတ်အိန္ဒြေခိုင် (FERD)	၂၆
Federal ဘဏ်အုပ်ချုပ်ရေးမှူး Michelle Bowman က ငွေကြေးဖောင်းပွမှု ဆက်လက်ရှိနေပါက အတိုးနှုန်း လျှော့ချရေးကို ထောက်ခံမည်ဟုဆို	ဒေါ်ဂျူးမျက်ချယ် (DICA)	၂၇
DeepSeek AI ၏ ဂျာမနီနိုင်ငံရှိ Apple ၊ Google ကုမ္ပဏီများမှ ပိတ်ပင်မှုများနှင့်ရင်ဆိုင်နေရခြင်း	ဦးဟိန်းဇေယျာနိုင် (DICA)	၂၉
ထိုင်းနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ဇွန်လ၌ အမှာစာအသစ်များတိုးတက်ရရှိခဲ့	ဒေါ်ကျော့ကေခိုင် (DICA)	၃၁
“ရင်းနှီးမြှုပ်နှံမှုနှင့် မူပိုင်ခွင့်”	ရီရီထွေး (DICA)	၃၃

အမေရိကန်၏နည်းပညာအရင်းအမြစ်ထိန်းချုပ်မှုသည် တရုတ်၏ နည်းပညာ ရည်မှန်းချက်များကိုစိန်ခေါ်လျက်ရှိ



၂၀၂၅ ခုနှစ်၊ ဧပြီလတွင် ထရမ့်အစိုးရသည် Nvidia ၏ ခေတ်မီ အဆင့်မြင့် ဆုံးချစ်ပ်များ (Chip) တရုတ်နိုင်ငံသို့ တင်ပို့မှုကို တားမြစ်ခဲ့ပြီး မကြာမီပင် ယူကရိန်း (Ukraine) နှင့် ဓာတ်သတ္တု သဘောတူ စာချုပ် (Critical Minerals Deal) ကို လက်မှတ် ရေးထိုးခဲ့ခြင်းဖြင့် အမေရိကန် ဦးစားပေးအခွင့်အရေးကို ရရှိခဲ့ပါသည်။ ဤအခြေ အနေသည် ဘိုင်ဒင် (Biden) ခေတ်၏ နည်းပညာအရင်းအမြစ် ထိန်းချုပ်မှု ပိုမို ပြင်းထန်လာမှုကို ထင်ဟပ်စေပါသည်။

အမေရိကန်၏ မဟာဗျူဟာပြောင်းလဲမှု - စစ်အေးတိုက်ပွဲခေတ်က ပိတ်ဆို့ရေး မဟာဗျူဟာသည် အဓိကအားဖြင့် အတွေးအခေါ်အယူအဆပိုင်းဆိုင်ရာ ပဋိပက္ခနှင့် စစ်ရေး မဟာမိတ်ဖွဲ့ခြင်းအပေါ် အခြေခံခဲ့ပါသည်။ ယနေ့ခေတ် နည်းပညာအရင်း အမြစ် ထိန်းချုပ်မှုသည် အနာဂတ်တွင် အင်အားကြီးမားလာစေမည့် အခြေခံ နည်းပညာ ပိုင်းဆိုင်ရာ ထုတ်လုပ်မှု အရင်းအမြစ်များနှင့် တွက်ချက်မှုဆိုင်ရာ အရင်း အမြစ်များကို မဟာဗျူဟာကျကျ ကန့်သတ်ပိတ်ဆို့ခြင်းဖြစ်ပါသည်။ အမေရိကန် သည် တရားဝင် လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများကို ဖွဲ့စည်းခြင်းထက် နည်းပညာ၊ စစ်ရေးနှင့် စီးပွားရေးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းအတွက် အရေးပါသော အခြေခံ အရင်း အမြစ်များကို ထိန်းချုပ်နိုင်ရန် အာရုံစိုက်လျက်ရှိနေပါသည်။ ဝါရှင်တန်၏ ရည်မှန်း ချက်မှာ တရုတ်နိုင်ငံ၏ နည်းပညာနှင့် စစ်ရေးတိုးတက်မှုကို ဟန့်တားကာ ကမ္ဘာ့ ဦးဆောင် အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာမှုကို တားဆီးရန်ဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ အားနည်းချက်များ- အမေရိကန်၏ အဆိုပါမဟာဗျူဟာသည် နည်းပညာ ရည်မှန်းချက်ရှိသော တရုတ်နိုင်ငံ၏ အဓိကအားနည်းချက် နှစ်ချက်ကို ထိခိုက်စေပါသည်။ ပထမအားနည်းချက်မှာ ဆီမီးကွန်ဒတ်တာများ (Semicon ductors) ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ် တစ်နှစ်တည်းတွင် Integrated Circuits ပေါင်း ၅၄၉.၂ ဘီလီယံ (တန်ဖိုး အမေရိကန် ဒေါ်လာ ၃၈၅ ဘီလီယံ) တင်သွင်းခဲ့ပြီး အဆိုပါ တန်ဖိုးသည် ယခင်နှစ်ကထက် ၁၀.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ ခြင်းဖြစ်ပါသည်။ ဆီမီးကွန်ဒတ်တာ တင်သွင်းမှုတန်ဖိုးသည် တရုတ်နိုင်ငံ၏ နှစ်စဉ် ရေနံစိမ်းတင်သွင်းမှု (အမေရိကန်ဒေါ်လာ ၃၂၅ ဘီလီယံ) ထက်ပင် ကျော်လွန်နေခဲ့

ပါသည်။ တရုတ်နိုင်ငံသည် ပြည်တွင်းချစ်ပ် (Chips) ထုတ်လုပ်မှုကို တိုးချဲ့ရာတွင် သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့သော်လည်း အဆင့်မြင့်ဆုံး ချစ်ပ်များ (Chips) ထုတ်လုပ်ရာတွင်နောက်ကျနေဆဲဖြစ်ပါသည်။အထူးသဖြင့် အမေရိကန်နှင့် မဟာမိတ်များက EUV lithography စက်များ၊ Etch Gases နှင့် Design Software ကဲ့သို့သော အဆင့်မြင့်နည်းပညာများ တင်ပို့ခွင့်ကို တင်းကြပ်စွာ ထိန်းချုပ်၍ ကန့်သတ်ထားဆဲဖြစ်ပါသည်။ အမေရိကန်သည် မူဝါဒအသစ်များဖြင့် တင်ပို့ခွင့်ကို ပိုမိုထိန်းချုပ်ကန့်သတ်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်ကုမ္ပဏီ ၁၄၀ ကျော်ကို Entity List ထဲသို့ ထပ်မံထည့်သွင်းခဲ့သည့် အပြင် အမေရိကန်မှ အစိတ်အပိုင်းပစ္စည်းများ ပါဝင်သည့် နိုင်ငံခြားလုပ်ပစ္စည်းများကိုပါ အဆိုပါ ထိန်းချုပ်မှု စာရင်းအောက်သို့ ထည့်သွင်းခဲ့ပါသည်။

ဒုတိယအားနည်းချက်မှာ - အရေးပါသော သတ္တုရိုင်းများ (Critical Minerals) ပေါ်တွင်မှီခိုနေရခြင်းဖြစ်ပါသည်။တရုတ်သည် ကမ္ဘာလုံးဆိုင်ရာ ရှားပါးမြေသန့်စင်မှု (Rare Earth Refining) ၏ ၉၀ ရာခိုင်နှုန်း၊ ဘက်ထရီအဆင့်လစ်သီယမ် (Battery-Grade Lithium)၊ ဂါလီယမ် (Gallium) နှင့် ဂျာမေနီယမ်(Germanium)ထုတ်လုပ်မှုတို့တွင် ဦးဆောင်နေသော်လည်း သတ္တုကုန်ကြမ်း တင်သွင်းမှုအပေါ် ဆက်လက်မှီခိုနေရဆဲဖြစ်ပါသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့လူသိများသော လစ်သီယမ်သိုလှောင်မှု ၏ ၇ ရာခိုင်နှုန်းအောက်သာ ပိုင်ဆိုင်ထားပြီး ၎င်း၏ ဘတ်ထရီထောက်ပံ့ရေးကွင်းဆက်အတွက် ဩစတြေးလျ၊ ချီလီနှင့် အာဂျင်တီးနားတို့မှ တင်သွင်းမှုအပေါ် အကြီးအကျယ်မှီခိုနေရပါသည်။ အလားတူပင် တရုတ်ထုတ်လုပ်ရေးအတွက် မရှိမဖြစ်လိုအပ်သော ကိုဘော့ (Cobalt) နှင့် နီကယ်(Nickel) အပါအဝင် ရှားပါးမြေဖြစ်စင် (Rare Earth Elements) များစွာသည် အာဖရိက၊ လက်တင်အမေရိကနှင့် အရှေ့တောင်အာရှတို့မှ ဆင်းသက်လာခြင်းဖြစ်သည်။ အဆိုပါဒေသများသည် အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကွင်းဆက် (Supply Chain) ကို နေရာဒေသအများအပြားသို့ ဖြန့်ကျက်စေရန် ကြိုးပမ်းနေလျက်ရှိသည့် ဗဟိုအချက်အချာဒေသများဖြစ်ပါသည်။

အမေရိကန်၏ ပိတ်ပင်တားဆီးမှုအပေါ် တရုတ်ဘက်မှလည်း တုံ့ပြန်မှုများရှိခဲ့ပါသည်။ ဟွာဝေး (Huawei) သည် 5 nm နည်းပညာဖြင့် AI (Artificial Intelligence) လုပ်ငန်းများအတွက် အထူးထုတ်လုပ်ထားသည့် Processor (Chip) တစ်ခုဖြစ်သော Ascend 910C AI Chip ကို စီးပွားဖြစ်ထုတ်လုပ်ရန် ပြင်ဆင်လျက်ရှိပါသည်။ ဤသို့တိုးတက်မှုများရှိခဲ့သော်လည်း နည်းပညာနှင့် စီးပွားရေးဆိုင်ရာ

ကွာဟချက်များ ကျန်ရှိနေဆဲဖြစ်ပါသည်။ တရုတ်ပြည်တွင်း Chip ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် SMIC (Semiconductor Manufacturing International Corporation) ၏ 5 nanometers(nm) wafer ထုတ်လုပ်နှုန်းသည် TSMC ၏ သုံးပုံတစ်ပုံ ခန့်သာရှိပြီး ကုန်ကျ စရိတ်မှာ ၅၀ ရာခိုင်နှုန်း ပိုမိုမြင့်မားနိုင်ပါသည်။

တစ်ချိန်တည်းမှာပင် တရုတ်ကုမ္ပဏီများသည် EUV lithography ကဲ့သို့ အဆင့်မြင့် နည်းပညာကို ကိုယ်ပိုင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေကြပါသည်။ တရုတ် ဆီမီးကွန်ဒတ်တာကိရိယာ ထုတ်လုပ်ရေး ကုမ္ပဏီ SiCarrier ကဲ့သို့သော ကုမ္ပဏီများသည် 13.5 nm အလင်းရင်းမြစ်ထုတ်လုပ်ရန် လေဆာအပြင် လျှပ်စစ်ခတ်အား ထုတ်လွှတ်မှုကိုပါ အသုံးပြုနိုင်သည့် Laser-Induced Discharge Plasma (LDP) နည်းပညာ အသစ်များကို စမ်းသပ်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် နှောင်းပိုင်းတွင် စမ်းသပ်ထုတ်လုပ်မှုစတင်ရန် စီစဉ်ထားပြီး ၂၀၂၆ ခုနှစ်တွင် စီးပွားဖြစ် ထုတ်လုပ်နိုင်ရန် မျှော်လင့်ထားသော်လည်း တရုတ်နိုင်ငံသည် အဆင့်မြင့် ဆီမီးကွန်ဒတ်တာ နည်းပညာနယ်ပယ်တွင် ကမ္ဘာ့နိုင်ငံများကို မှီနိုင်ရန် ကွာဟချက်များရှိနေပါသည်။

အရှေ့တောင်အာရှနိုင်ငံများအတွက်မူ အမေရိကန်၏ နည်းပညာ အရင်းအမြစ် ထိန်းချုပ်မှုသည် အခွင့်အလမ်းနှင့် စိန်ခေါ်မှုနှစ်မျိုးလုံးကို ယူဆောင်လာပါသည်။ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့ ကဲ့သို့သော နိုင်ငံများတွင် ကမ္ဘာ့ အကြီးဆုံး ရှားပါးမြေ (Rare Earth) သိုလှောင်မှုများ နှင့် မဟာဗျူဟာကျသော ထုတ်လုပ်မှုစွမ်းရည်များရှိပါသည်။ ထရမ့်အစိုးရက ဘိုင်ဒင်၏ AI Chip တင်ပို့ခွင့် စနစ်ကို ပြန်လည်သုံးသပ်နေချိန်၌ ထိုအချက်များကို အသုံးချကာ အမေရိကန်ထံမှ အကျိုးကျေးဇူးရနိုင်သော သဘောတူညီချက်များနှင့် High-Tech ရင်းနှီးမြှုပ်နှံမှုများ ရယူနိုင်ပါသည်။ နှောင့်နှေးနေခြင်း သို့မဟုတ် မလုပ်ဘဲနေခြင်းသည် ဖယ်ကြဉ်ခံရခြင်း (Marginalization) ကို ဖြစ်စေနိုင်သည့်အပြင် အဆိုပါ နိုင်ငံများသည် မဟာဗျူဟာမြောက် အခွင့်အရေးကွန်ရက် အသစ်များ (Emerging Networks of Strategic Privilege) မှ ဖယ်ထုတ်ခံ ရနိုင်ပါသည်။ ယခင် စစ်အေးတိုက်ပွဲ (Cold War) ကာလ၌ မဟာမိတ်ဖွဲ့ခြင်းသည် နိုင်ငံရေးဝါဒအရ သို့မဟုတ် စစ်ရေးအရ အကာအကွယ်ပေးခြင်းမျိုး မဟုတ်တော့ဘဲ ယနေ့ခေတ် မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့ခြင်းသည် အာဏာနှင့်ကြွယ်ဝချမ်းသာမှုအတွက် မရှိမဖြစ်လိုအပ်သော အရင်းအမြစ်များ (Critical Inputs of Power and Prosperity) ရယူနိုင်မှု အပေါ် မူတည်နေပါသည်။

သို့သော် အမေရိကန်ပြည်ထောင်စုဘက်သို့ လွန်လွန်ကဲကဲ ယိမ်းယိုင်လိုက်

ခြင်းသည် အန္တရာယ်များစွာကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံနှင့် ခိုင်မာသည့် စီးပွားရေး အဆက်အဆံရှိပြီး မှီခိုနေရသော အရှေ့တောင်အာရှနိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ လက်တင် အမေရိကနိုင်ငံ အချို့နှင့် တရုတ်၏ Belt and Road Initiative – BRI အောက်၌ ရင်းနှီးမြှုပ်နှံမှုများ အများအပြား လက်ခံရရှိထားသည့် နိုင်ငံများအတွက် ပို၍ အန္တရာယ်ရှိပါသည်။ အမေရိကန်၏ နည်းပညာအရင်းအမြစ် ထိန်းချုပ်မှုသည် အခွင့်အလမ်းနှင့် အကျိုးကျေးဇူးများရှိသော်လည်း အန္တရာယ်ရှိနိုင်ကြောင်းလည်း ညွှန်းဆိုနေပါသည်။ နိုင်ငံအများစုသည် ထောက်ပံ့ရေး ကွင်းဆက်များ (Supply Chain)၊ ကွန်ပြူတာစွမ်းရည် ရယူသုံးစွဲခွင့် (Compute Access) နှင့် ပို့ကုန် အထူးအခွင့်အရေးများ (Export Privileges) ကို ပြန်လည် ရုတ်သိမ်းခံရနိုင်ခြေရှိခြင်း (သို့မဟုတ်) နိုင်ငံရေးအရ အသုံးချခံရနိုင်ခြင်း များဖြစ်ပေါ်နိုင်ပါသည်။ အမေရိကန်ပြည်ထောင်စု (ဝါရှင်တန်) သည် နည်းပညာကို ဩဇာလွှမ်းမိုးမှု (Leverage) အဖြစ် ပိုမိုအသုံးပြုလာသည်နှင့် အမျှ မဟာမိတ်နိုင်ငံများသည် ၎င်းတို့၏ မဟာဗျူဟာမြောက်လွတ်လပ်ခွင့်ကို စတေးကာ အမေရိကန်၏ စည်းမျဉ်းစည်းကမ်းများ (Regulatory Standards) နှင့် ပထဝီနိုင်ငံရေး ဦးစားပေးမှုများ (Geopolitical Preferences) နှင့် လုပ်ဆောင်ရန် ဖိအားပေးခံရနိုင်ပါသည်။ ထိုအချက်သည် မဟာမိတ်နိုင်ငံများ၏ မဟာဗျူဟာမြောက်ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Strategic Autonomy) ကို ထိခိုက်စေနိုင်ပါသည်။

နှစ်ဦးနှစ်ဘက် စီးပွားရေးအရ မှီခိုမှုနှင့် သတိထားယှဉ်တွဲနေထိုင်သည့် အရှေ့တောင်အာရှ နိုင်ငံများအတွက် ထိုသို့သော အခြေအနေကို ရှောင်ရှားရန်မှာ မဟာဗျူဟာမြောက် ရှင်းလင်းပြတ်သားမှုနှင့် သံတမန်ရေးရာ ကျွမ်းကျင်မှု လိုအပ်ပါသည်။

ပညာရှင်များက အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံကို အမှန်တကယ် ကန့်သတ်ပိတ်ဆို့ရန် ရည်ရွယ်ချက် ရှိ-မရှိ အငြင်းပွားလျက်ရှိကြသော်လည်း အမေရိကန်၏ တရုတ် အပေါ် ကျင့်သုံးနေသော နည်းပညာအရင်းအမြစ် ထိန်းချုပ်သည့် မူဝါဒသည် စစ်အေးကာလ ဆိုဗီယက်ယူနီယံကို ထိန်းချုပ်ခဲ့သည့် နည်းလမ်းနှင့် မတူပေ။ တရားဝင် မဟာမိတ်များဖွဲ့စည်းခြင်းထက် တရုတ်၏ အနာဂတ် အင်အား တည်ဆောက်ရေးတွင် အရေးပါသော နည်းပညာ အရင်းအမြစ်များကို ကန့်သတ် ထိန်းချုပ်ခြင်းဖြင့် တရုတ်နိုင်ငံ၏ တိုးတက်မှုကို ထိန်းချုပ်နေခြင်းဖြစ်ပါသည်။

အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ အင်အားပြိုင်ဆိုင်မှု များကြားတွင် ထိခိုက်နစ်နာမှုမရှိဘဲ မိမိတို့၏ အမျိုးသား

အကျိုးစီးပွားကို ကာကွယ်ရင်း ဟန်ချက်ညီညီ ပညာသားပါပါ ရပ်တည်ရန်မှာ မဟာဗျူဟာမြောက် စိန်ခေါ်မှု တစ်ရပ်ဖြစ်ပါသည်။ထိုနှစ်နိုင်ငံ၏ ပြိုင်ဆိုင်မှု အဆုံးသတ်သည်လည်း သေချာမှုမရှိသည့်အတွက် အရှေ့တောင်အာရှ နိုင်ငံများအနေဖြင့် သံတမန်ရေးရာကျွမ်းကျင်မှုဖြင့် လိုက်လျောညီထွေစွာ မတုန်ပြန်နိုင်ပါက စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးတွင် ကြီးမားသည့်နစ်နာမှုများ ရင်ဆိုင်ရနိုင်ပါသည်။

Source: https://eastasiaforum.org/2025/06/27/us-techno-resource-containment-challenges-chinas-tech-ambitions/

ဒေါ်ဇာလီနွယ်
ဒုတိယညွှန်ကြားရေးမှူး
ဦးစီးရုံး(ညွှန်ကြားရေးမှူးချုပ်ရုံးခန်း)

ဗီယက်နမ်ပို့ကုန်များအပေါ် အကောက်ခွန် ၂၀ ရာခိုင်နှုန်းကောက်ခံမည်ဟု သမ္မတထရမ့် ပြောကြား



အမေရိကန်နိုင်ငံနှင့်ဗီယက်နမ်နိုင်နိုင်ငံတို့အကြား ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပြီဖြစ်သည်ဟု ဇူလိုင်လ ၂ ရက် နေ့တွင် အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့ပါသည်။ အမေရိကန်က တန်ပြန်ခွန်များ ကောက်ခံမည့် ကြေညာချက် ဆိုင်းငံ့ကာလ ကုန်ဆုံးမည့် ဇူလိုင်လ ၉ ရက် မတိုင်မီ အဆိုပါ ပြောကြားချက်သည် အမေရိကန်၏ ဒဿမမြောက်အကြီးဆုံး ကုန်သွယ်ဖက် ဖြစ်သည့် ဗီယက်နမ်နိုင်ငံနှင့် တင်းမာမှု လျော့ကျလာသည့် ပြယုဒ်ဖြစ်ပါသည်။

အဆိုပါ သဘောတူညီချက်အရ ဗီယက်နမ် ပို့ကုန်များအပေါ် ဧပြီလ အတွင်း၌ ကြေညာခဲ့သည့် ၄၆ ရာခိုင်နှုန်းထက် လျော့နည်းသည့် နှုန်းထားဖြစ်သော အကောက်ခွန် ၂၀ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ပါသည်။ ဗီယက်နမ်မှ အမေရိကန်သို့ တင်ပို့ကုန်များ အပေါ် အကောက်ခွန် ၂၀ ရာခိုင်နှုန်းနှင့် တတိယနိုင်ငံများမှ ဗီယက်နမ်နိုင်ငံကို ဖြတ်သန်းသယ်ဆောင်လာသည့် ကုန်စည်များကို ၄၀ ရာခိုင်နှုန်း အခွန်စည်းကြပ် သွားမည်ဖြစ်ကြောင်းနှင့် ဗီယက်နမ်နိုင်ငံသို့ တင်သွင်းသည့် အမေရိကန် ထုတ်ကုန်များမှာ အခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်ဟု ပြောကြားခဲ့ပါသည်။

ဗီယက်နမ် ပို့ကုန်များအပေါ် ၂၀ ရာခိုင်နှုန်း အခွန်ကောက်ခံမည်ဟု ဆိုသော်လည်း မည်သည့် ကုန်စည်အပေါ် ကောက်ခံသွားမည်ဆိုသည့် အသေးစိတ်

အချက်အလက်များကိုဖော်ပြခြင်းမရှိသကဲ့သို့ ဖြတ်သန်းသယ်ဆောင်သည့် ကုန်စည်များနှင့်စပ်လျဉ်း၍လည်း မည်သို့ အခွန်ကောက်ခံသွားမည်ကို ဆက်လက် ဆွေးနွေးရမည် အခြေအနေဖြစ်ပါသည်။ ဖြတ်သန်း သယ်ဆောင်သည့် ကုန်စည်များအပေါ် ကောက်ခံသည့် အခွန်များမှာ တရုတ်နိုင်ငံထုတ်ကုန်များ ကို **"Made in Vietnam"** အမှတ်တံဆိပ်ကပ်နိုပ်၍ တင်ပို့သည့် ကုန်စည်များကို အခွန်နှုန်းမြင့် ကောက်ခံရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ဗီယက်နမ်အစိုးရဘက်မှထုတ်ပြန်ချက်တွင် အကောက်ခွန်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို ထည့်သွင်း ဖော်ပြထားခြင်းမရှိဘဲ ကုန်သွယ်မှုဆိုင်ရာ မူဘောင်တစ်ရပ်အတွက် ပူးတွဲ ကြေညာချက်အပေါ် သဘောတူညီမှုနှင့်စပ်လျဉ်း၍ ဖော်ပြထားပါသည်။ ထို့ပြင် အင်ဂျင်ပါဝါမြင့်ကား အပါအဝင် အမေရိကန်ထုတ်ကုန်များအတွက်ဦးစားပေးဈေးကွက်ဝင်ရောက်ခွင့်ပေးသွားမည်ဟုကတိပြုထားပါသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှု သဘောတူညီချက်ရရှိခဲ့ခြင်းသည် အခွန်နှုန်းမြှင့်တင်ကောက်ခံမှုများ ယာယီဆိုင်းငံ့ချိန် မကုန်ဆုံးမီ ကုန်သွယ်ဖက်နိုင်ငံများနှင့် သဘောတူညီချက် ရရှိရေး ကြိုးပမ်းဆောင်ရွက်နေသည့် ထရမ့် အစိုးရအတွက် နိုင်ငံရေးအရ အောင်မြင်မှုတစ်ရပ် ဖြစ်ပါသည်။ ဗီယက်နမ်၊ ဘာရိန်း၊ တရုတ်နိုင်ငံနှင့် အကန့်အသတ်ဖြင့် ဖြေလျှော့မှု သဘောတူညီချက် အပါအဝင် လက်ရှိအချိန်တွင် အမေရိကန်နှင့် ကုန်သွယ်ရေး သဘောတူညီချက် ရရှိထားသည့် နိုင်ငံ သုံး နိုင်ငံရှိနေပြီး စတုတ္ထမြောက် ကုန်သွယ်မှုသဘောတူညီချက် ရရှိနိုင်သည့် အလားအလာရှိသော နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပါသည်။

အမေရိကန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး၊ အမေရိကန်မှ မဟာဗျူဟာမြောက် ပြိုင်ဖက်ဖြစ်သည့် တရုတ်နိုင်ငံ အပေါ် ထိန်းညှိရေးဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံ အကြား စီးပွားရေး၊ သံတမန်ရေးနှင့် စစ်ရေး ဆက်ဆံမှုများ တိုးတက်လာခဲ့ပါသည်။ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်း အင်အားကြီးနိုင်ငံနှစ်နိုင်ငံလုံးနှင့် ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

ဗီယက်နမ်နှင့် အမေရိကန်တို့အကြား ကုန်သွယ်ရေး သဘောတူညီချက် ရရှိခဲ့သည့် သတင်းကြောင့် Nike, Under Armour နှင့် VF Corp တို့အပါအဝင် အမေရိကန်၏ အဝတ်အထည်နှင့် အားကစားဝတ်စုံထုတ်လုပ်သည့် လုပ်ငန်းများ၏ ရှယ်ယာဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။

ဗီယက်နမ်၏ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးမှုကို အမေရိကန်မှ

အသိအမှတ်ပြုပြီး အဆင့်မြင့်နည်းပညာ ထုတ်ကုန်များ တင်ပို့မှုအပေါ် ကန့်သတ် ဝိတ်ပင်မှုများ ပယ်ဖျက်ပေးရန် Lam က တောင်းဆိုခဲ့သော်လည်း အဆိုပါပြောကြား ချက်အပေါ် အိမ်ဖြူတော်နှင့်ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာနမှတုံ့ပြန်ပြောကြား ခြင်းမရှိခဲ့ပါ။

သမ္မတထရမ့်၏ ပထမ သက်တမ်းဖြစ်သည့် ၂၀၁၇ မှ ၂၀၂၁ ခုနှစ်အတွင်း တရုတ်ထုတ်ကုန်များအပေါ် ဒေါ်လာဘီလီယံပေါင်းများစွာ အခွန်တိုးမြှင့်ကောက်ခံ မှုကြောင့် အမေရိကန်နှင့် ဗီယက်နမ်တို့အကြား ကုန်သွယ်မှု သိသိသာသာ မြင့်တက် ခဲ့ပါသည်။

၂၀၁၈ ခုနှစ်မှစ၍ ဗီယက်နမ်မှ အမေရိကန်သို့ ကုန်စည်တင်ပို့မှုတန်ဖိုး သုံးဆခန့်မြင့် တက်လာခဲ့ရာ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံမှ ၂၀၂၄ ခုနှစ် အမေရိ ကန်ဒေါ်လာ ၁၃၇ ဘီလီယံ အထိ တင်ပို့နိုင်ခဲ့သည်ဟု အချက်အလက်များတွင် ဖော်ပြထားပါသည်။ အလားတူ အမေရိကန်မှ ဗီယက်နမ်နိုင်ငံသို့ တင်ပို့မှုမှာလည်း ၃၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၁၃ ဘီလီယံသို့ မြင့်တက်ခဲ့ပါသည်။

Source: https://www.channelnewsasia.com/world/trump-vietnam-trade-deal-lower-tariffs-5216671

ဒေါ်ဝေဝေလွင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

အီရန်နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆိုင်းငံ့ထားခြင်းကြောင့် ရေနံဈေး ၃ ရာခိုင်နှုန်း မြင့်တက်



အီရန်နျူကလီးယား စောင့်ကြည့်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆိုင်းငံ့ထားခြင်းကြောင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်တွင် ရေနံဈေး ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အမေရိကန်နှင့် ဗီယက်နမ်တို့သည် ကုန်သွယ်ရေးသဘော တူညီချက်တစ်ရပ်ကို ရရှိခဲ့ပြီး နောက် အမေရိကန်ရေနံစိမ်း ရောင်းချမှုတွင်လည်း ဈေးနှုန်း အနည်းငယ် မြင့်တက်သွားခဲ့သည်။

Brent ရေနံစိမ်းသည် တစ်စည်လျှင် ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး U.S. West Texas Intermediate ရေနံစိမ်းသည် တစ်စည်လျှင် ၃.၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများ၏ ပို့ကုန်အများအပြားအပေါ် အခွန် ၂၀ ရာခိုင်နှုန်း ကောက်ခံရန်သတ်မှတ်သည့် ကုန်သွယ်ရေး သဘောတူညီချက် တစ်ရပ်ကို သမ္မတဒေါနယ်ထရမ့်နှင့် ဗီယက်နမ် နိုင်ငံပိုင်မီဒီယာများက လက်မှတ်ရေးထိုးပြီးနောက် စျေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

အီရန်နှင့် အစ္စရေးတို့ကြား အပစ်အခတ်ရပ်စဲပြီးနောက် အရှေ့အလယ်ပိုင်းတွင် ထောက်ပံ့မှု ပြတ်တောက်မည်ကို စိုးရိမ်မှုများကြောင့် Brent ရေနံစိမ်းသည် အမြင့်ဆုံး တစ်စည်လျှင် ၆၉.၂၁ ဒေါ်လာနှင့် အနိမ့်ဆုံး ၆၆.၃၄ ဒေါ်လာကြား အရောင်းအဝယ်ဖြစ်ခဲ့သည်။

ပြည်တွင်းရေနံစိမ်းသိုလှောင်မှုမှာ ယခင်အပတ်က စည်ပေါင်း ၃.၈ သန်းမှ စည်ပေါင်း ၄၁၉ သန်းအထိ မြင့်တက်ခဲ့ကြောင်း အမေရိကန်စွမ်းအင် သတင်းအချက်အလက် စီမံခန့်ခွဲရေးမှ ထုတ်ပြန်ခဲ့သည်။ ဓာတ်ဆီဝယ်လိုအားသည်လည်း တစ်နေ့လျှင် စည် ၈.၆ သန်းအထိ ကျဆင်းသွားခဲ့သည်။

OPEC+ အဖွဲ့သည် လာမည့်လများတွင် တစ်နေ့လျှင် ရေနံစည်ပေါင်း ၄၁၁,၀၀၀ စည်နှုန်းဖြင့် ထုတ်လုပ်နေမှုကို ပိုမိုထုတ်လုပ်နိုင်ရန် စီစဉ်လျက်ရှိပါသည်။ ဆော်ဒီအာရေဗျနိုင်ငံသည်လည်း မေလမှစတင်၍ တစ်နေ့လျှင် ရေနံစည်ပေါင်း ၄၅၀,၀၀၀ စည်ကို တင်ပို့ရောင်းချခဲ့ပြီး တစ်နှစ်ကျော်အတွင်း ပမာဏအများဆုံး တိုး၍ရောင်းချနိုင်ခဲ့ပါသည်။

Source : https://www.reuters.com/business/energy/oil-prices-little-changed-investors-look-ahead-opec-meeting-2025-07-02/

ဒေါ်အိသက်ခိုင်
ဦးစီးအရာရှိ
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှု နှေးကွေးခြင်းကြောင့် အတိုးနှုန်းတက်ခြင်း လျော့ကျစေနိုင်

ဂျပန်နိုင်ငံ၏ နှစ်စဉ်ငွေကြေးဖောင်းပွမှုသည် ဇွန်လတွင် ၃လဆက်တိုက် နှေးကွေးသွားခဲ့ကြောင်း ဂျပန်ဘဏ် (The Bank of Japan- BOJ) ၏ အချက်အလက်များအရသိရှိရပါသည်။ စားသောက်ကုန်ဈေးနှုန်းများဆက်တိုက်မြင့်တက်နေသော်လည်း ဂျပန်နိုင်ငံ၏ စီးပွားရေးအပေါ် အမေရိကန်၏ အခွန်စည်းကြပ်မှုများ ပြင်းထန်လာခြင်းကြောင့် လာမည့်လများအတွင်း ငွေကြေးဖောင်းပွမှု ဖိအားများ အသင့်အတင့် ရှိလာမည်ဟု အချို့သော သုံးသပ်သူများက ခန့်မှန်းထားကြသည်။



ကုမ္ပဏီများသည် ၎င်းတို့၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် တစ်ဦးချင်း ပေးဆောင်ရသည့် ဈေးနှုန်းများကို တိုင်းတာသည့် ကုန်ပစ္စည်းဈေးနှုန်းညွှန်ကိန်းသည် ဇွန်လတွင် ၂.၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ပျမ်းမျှဈေးကွက်ခန့်မှန်းချက်နှင့် ကိုက်ညီကြောင်း အချက်အလက်များက ပြသခဲ့သည်။

လောင်စာဆီနှင့် သတ္တုထွက်ကုန်များ၏ ဈေးနှုန်းများကျဆင်းမှုကြောင့် မေလတွင် ပြန်လည်ပြင်ဆင်ထားသည့် စားသုံးသူငွေကြေးဖောင်းပွမှုညွှန်ကိန်း ၃.၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

ယန်းအခြေခံ သွင်းကုန်ဈေးနှုန်းညွှန်ကိန်းသည် အစောပိုင်းနှစ်ထက် ၁၂.၃ ရာခိုင်နှုန်း ကျဆင်းသွားကာ ကုန်ကြမ်းတင်သွင်းမှုကုန်ကျစရိတ်များလည်း ကျဆင်းသွားခဲ့ပါသည်။ စားသောက်ကုန်နှင့် အဖျော်ယမကာဈေးနှုန်းများသည် ဆန်ဈေးကြီးမြင့်မှုကြောင့် မေလတွင် ၄.၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဇွန်လတွင် ၄.၅ ရာခိုင်နှုန်းသာ မြင့်တက်ခဲ့သည်။

BOJ သည် ပြီးခဲ့သောနှစ်တွင် ဆယ်စုနှစ်ကြာ လုံ့ဆော်မှုအစီအစဉ်ကို အဆုံးသတ်ခဲ့ပြီး ဇန်နဝါရီလတွင် ငွေကြေးဖောင်းပွမှုမှာ ၎င်း၏ ရည်မှန်းချက် ၂ ရာခိုင်နှုန်းကို ပြည့်မီသည်ဟု မှတ်ယူပြီး ၎င်း၏အတိုးနှုန်းမူဝါဒကို ၀.၅ ရာခိုင်နှုန်း အထိ တိုးမြှင့်ခဲ့သည်။

BOJ သည် ယခုနှစ်တွင် စားနပ်ရိက္ခာ ငွေကြေးဖောင်းပွမှု အလယ်အလတ်သို့ ရောက်ရှိမည်ဟု မျှော်လင့်ထားသော်လည်း စီးပွားရေးပြန်လည်ကောင်းမွန်လာပြီး လုပ်ခလစာ မူလအတိုင်း ပြန်လည်ရရှိလာပါက အတိုးနှုန်းကို

ထပ်မံမြှင့်တင်ရန်ရှိကြောင်း ပြောကြားထားပါသည်။ အဓိကစားသုံးသူ ငွေကြေးဖောင်းပွမှုနှုန်းသည် မေလတွင် ၃.၇ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီး အစားအသောက်စရိတ်များ မြင့်တက်မှုကြောင့် အများစုမှာ BOJ ၏ ၂ ရာခိုင်နှုန်းအထက်တွင် ရှိနေခဲ့ပါသည်။

ကုန်သွယ်ရေးသဘောတူစာချုပ်အသစ်တွင် သမ္မတဒေါ်နယ်ထရမ့်မှ ဂျပန်ကုန်ပစ္စည်းများအပေါ် စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ တိုးကောက်မည်ဟုဖော်ပြထားရှိပါသည်။


Source: https://www.channelnewsasia.com/business/japans-wholesale-inflation-slows-relieves-interest-rate-hike-pressure-5230391

ဒေါ်အိသက်ခိုင်
ဦးစီးအရာရှိ
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

ကမ္ဘောဒီးယားနိုင်ငံတွင် ဒေါ်လာ သန်း ၅၀၀ တန်ဖိုးရှိ ဆိုလာစွမ်းအင်စီမံကိန်းဆောင်ရွက်မည်ဟု တရုတ်ရင်းနှီးမြှုပ်နှံသူ ကတိကဝတ်ပြု

တရုတ်နိုင်ငံသား ရင်းနှီးမြှုပ်နှံသူသည် ကမ္ဘောဒီးယားနိုင်ငံ၊ Kampong Speu ပြည်နယ်တွင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန်ဖိုးရှိ အကြီးစား ဆိုလာစွမ်းအင်စက်ရုံ တည်ဆောက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုတစ်ခုပြုလုပ်မည်ဟု ကြေညာထားပါသည်။ ယင်းစီမံကိန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို တိုးချဲ့လာနိုင်မည်ဖြစ်ပါသည်။ Dongbaishan Holding Group ၏ ဥက္ကဋ္ဌဖြစ်သူ Si Juchen သည် Kampong Speu ပြည်နယ်အုပ်ချုပ်ရေးမှူး Cheam Chan Sophorn နှင့် ပြည်နယ်ခန်းမ၌တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်ဟု AKP သတင်းကဖော်ပြထားပါသည်။

အဆိုပါစီမံကိန်းကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လလယ်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး မြေယာ ၆၀၀ ဟက်တာပါဝင်သည့် စီမံကိန်း အမျိုးအစားဖြစ်ပါသည်။ ၎င်းသည် Dongbaishan Holding Group လုပ်ငန်းစု၊ တရုတ်နိုင်ငံရှိ ကမ္ဘောဒီးယားပြည်သူများ ဖွံ့ဖြိုးတိုးတက်မှု အသင်းအဖွဲ့နှင့် SL နေရောင်ခြည်စွမ်းအင်သုံး အစိမ်းရောင်စွမ်းအင်ကုမ္ပဏီတို့ ပူးတွဲဆောင်ရွက်ကြမည့် ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါသည်။



Si Juchen က ၎င်း၏ကုမ္ပဏီသည် တရုတ်နိုင်ငံတွင် နှစ်ပေါင်း ၂၀ ကျော် အတွေ့အကြုံရှိပြီး ကမ္ဘောဒီးယားနိုင်ငံရှိ အစိမ်းရောင် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာနိုင်မည့် အလားအလာကောင်းများ တွေ့မြင်ရကြောင်း ပြောကြားထားပါသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး Cheam Chan က အဆိုပါ ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုခဲ့ပြီး စီမံကိန်းသည် Kampong Speu ပြည်နယ်တွင် ပထမဆုံးပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းဖြစ်ပြီး ဝန်ကြီးချုပ်ဟွန် မာနက် လက်ထက်တွင် ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်လာနိုင်ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေး အလားအလာများ တိုးတက်လာကြောင်း ပြောကြားထားပါသည်။

နိုင်ငံတော်၏ ဥပဒေနှင့် စည်းမျဉ်းများနှင့်အညီ စီမံကိန်းကို အဆင်ပြေချောမွေ့စေရန် ပြည်နယ်အာဏာပိုင်များက အပြည့်အဝ ပံ့ပိုးပေးမည်ဖြစ်ကြောင်း Cheam Chan က ရင်းနှီးမြှုပ်နှံသူအား အာမခံပြောကြားခဲ့ပါသည်။ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ စက်ရုံနှင့် လုပ်ငန်းပေါင်း ၂,၄၄၂ ဝန်းကျင် ရှိပြီး တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများမှာ ၉၀ % ကျော်ရှိကြောင်း အုပ်ချုပ်ရေးမှူးက ထပ်လောင်း ပြောကြားခဲ့ပါသည်။

အကြီးစား ဆိုလာစွမ်းအင်စီမံကိန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စွမ်းအင်ပေါင်းစပ်အသုံးပြုမှုကို မြှင့်တင်ရန် ကူညီပေးနိုင်မည်ဖြစ်ပြီး နိုင်ငံအတွင်း အလုပ်အကိုင် အခွင့်အလမ်းနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ရပါသည်။

Source: https://www.khmertimeskh.com/501713424/chinese-investor-commits-500m-for-solar-energy-project-in-k-speu

ဒေါ်မြသက်ချယ်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

အမေရိကန်၏ အကောက်ခွန်နှုန်း တိုးမြှင့်ကောက်ခံမည့်ရက် ရွှေ့ဆိုင်းမှုကြောင့် ကုန်သွယ်မှုကမ်းလှမ်းချက်အသစ်ပေါ် ထိုင်းနိုင်ငံ စိတ်ဝင်စားလျက်ရှိ



အမေရိကန်အစိုးရက အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံမည့်ရက်ကို ပြန်လည်သတ်မှတ်ခဲ့ခြင်းကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ညှိနှိုင်းရမည့် ကုန်သွယ်ရေး အကြပ်အတည်းနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံ၏ စေ့စပ်ညှိနှိုင်းရေး အဖွဲ့အတွက် မျှော်လင့်ချက်ရှိစေခဲ့ပါသည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီး Scott Bessent သည် ထိုင်းပို့ကုန်များအပေါ် အကောက်ခွန်နှုန်း ၃၆ % မကောက်ခံမီ သဘောတူညီချက်များကို အပြီးသတ်ရန်အတွက် ထိုင်းနိုင်ငံအပါအဝင် ကုန်သွယ်ဖက်နိုင်ငံများအပေါ် အကောက်ခွန်နှုန်း တိုးမြှင့်ကောက်ခံမည့်ရက်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့အဖြစ် သတ်မှတ်ကြောင်း ကြေညာခဲ့ပါသည်။

ယခင်က အမေရိကန်သည် အကောက်ခွန်များကို ဇူလိုင်လ ၉ ရက်တွင် စတင်တိုးမြှင့် ကောက်ခံရန် ကြေညာခဲ့မှုသည် အမေရိကန်၏ တောင်းဆိုချက်များကို ဖြေရှင်းပေးနိုင်ရန် ထိုင်းနိုင်ငံအတွက် စိုးရိမ်ပူပန်မှု ဖြစ်စေခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်၊ ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Pichai Chunhavajira က Bloomberg သတင်းဌာနနှင့် ဆွေးနွေးမှုတွင် ထိုင်းနိုင်ငံ၏ ယခင် အဆိုပြုချက်များဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများသို့ အမေရိကန်စျေးကွက် တိုးမြှင့်ဝင်ရောက်မှု နှင့် စွမ်းအင် နှင့် Boeing လေယာဉ်ကြီးများ ဝယ်ယူမှုတို့အပေါ် အမေရိကန်နိုင်ငံ၏ စေ့စပ်ညှိနှိုင်းရေး အဖွဲ့ကကျေနပ်မှုမရှိသေးကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် အမေရိကန်နှင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံကို ငါးနှစ်အတွင်း ၇၀ % လျှော့ချရန်နှင့် ရှစ်နှစ်အတွင်းတွင် တန်းတူညီမျှသော ကုန်သွယ်မှုဖြစ်စေရန် အကောက်ခွန် ကင်းစင်စေရေးနှင့် အမေရိကန်သွင်းကုန်များကို အခိုင်အမာရရှိစေရေးအတွက် ကမ်းလှမ်းချက်များ ဖြင့် ကတိကဝတ် ပြုထားပြီးဖြစ်ပါသည်။ ယင်းကတိကဝတ်များအပေါ် အမေရိကန်သည် အခိုင်အမာ ရပ်တည်ခဲ့သော်လည်း အကောက်ခွန်လျှော့ချရေးနှင့် အမေရိကန်သွင်းကုန်များ တိုးချဲ့ခြင်းအပါအဝင် ဆွဲဆောင်မှုရှိသော ကမ်းလှမ်းမှုများကို ပိုမိုပေးအပ်ရန် ထိုင်းနိုင်ငံအား တိုက်တွန်းခဲ့ပါသည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီး Scott Bessent က အကောက်ခွန်နှုန်း တိုးမြှင့်ကောက်ခံမည့်ရက်ကို ရွှေ့ဆိုင်းခဲ့ခြင်းသည် ကုန်သွယ်ဖက်နိုင်ငံများအပေါ် လျှော့ပေါ့ပေးမှုနှင့် အခွင့်အရေးတို့ကို ပေးအပ်ရန် ဖြစ်ပါသည်။ အကောက်ခွန်နှုန်းများကို ဩဂုတ်လ ၁ ရက်နေ့တွင် တိုးမြှင့်ကောက်ခံမည်ဖြစ်သော်လည်း အဆိုပြုချက်များကို ဇူလိုင်လ ၉ ရက်တွင် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပါသည်။ အဆိုပါ အကောက်ခွန်နှုန်း တိုးမြှင့်ကောက်ခံမည့်ရက်အား ပြောင်းလဲကြေညာခြင်းသည် နှစ်ဖက်စလုံးမှ လက်ခံနိုင်သော သဘောတူညီမှုကိုရရှိရန် အဆက်မပြတ် စေ့စပ်ညှိနှိုင်းမှုများကိုဆောင်ရွက်နိုင်ရန် အချိန်ကာလရက်သတ္တပတ် သုံးပတ်ပေးထားခြင်း ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်၊ ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Pichai က မကြာသေးမီက အချို့သော အခွန်စည်းကြပ်မှုတွင် ၂၀ ရာခိုင်နှုန်း သတ်မှတ်ခံခဲ့ရသည့် ဗီယက်နမ်နိုင်ငံကဲ့သို့ ထိုင်းနိုင်ငံ အနေဖြင့်လည်း အဆိုပြုချက်များအပေါ် သဘောတူညီချက်ရရှိရန် ဖိအားများနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားခဲ့ပါသည်။ သဘောတူညီချက် မရရှိပါက ထိုင်းနိုင်ငံ၏ အဓိက မောင်းနှင်အားဖြစ်သည့် ပို့ကုန်စီးပွားရေးကို ပြင်းထန်စွာ ထိခိုက်စေနိုင်ပြီး အခွန်စည်းကြပ်မှုများကြောင့် နိုင်ငံ၏ GDP တိုးတက်မှုနှုန်းကို ၁ % နီးပါး ကျဆင်းသွားနိုင်စေကြောင်း ထိုင်းနိုင်ငံ၏ စီးပွားရေးပညာရှင်များက သတိပေးထားပါသည်။

ယခုကဲ့သို့ အမေရိကန်နိုင်ငံက အကောက်ခွန်နှုန်း တိုးမြှင့်ကောက်ခံမည့် နေ့ရက်ကို ရွှေ့ဆိုင်းပေးခြင်းသည် ထိုင်းနိုင်ငံ၏ စေ့စပ်ညှိနှိုင်းရေးအဖွဲ့အတွက် သဘောတူညီချက်ရရှိရန်၊ စျေးကွက်ဝင်ရောက်မှုကို ကာကွယ်ရန်နှင့် စီးပွားရေးအခြေအနေ မထိခိုက်စေရန်အတွက် ကိုင်တွယ်ဖြေရှင်းနိုင်ရန် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။

Source: https://www.kaohooninternational.com/politics/560892

ဒေါ်ယမင်းသော်
ဦးစီးအရာရှိ
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်အတွက် အာဆီယံသည် ပိုမိုအားကောင်းသော ပြုပြင်ပြောင်းလဲမှုများ လိုအပ်ကြောင်း” စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် ပြောကြား



စင်္ကာပူနိုင်ငံ ဝန်ကြီးချုပ် Mr. Lawrence Wong သည် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတစ်ခုဖြစ်သည့် Temasek ၏ ပဲရစ်ရုံးဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားရာ၌ အာဆီယံသည် အမျိုးမျိုး ကွဲပြားနေသော ကမ္ဘာ့စီးပွားရေးတွင် စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်သည့် လွယ်ကူချောမွေ့ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် တစ်ခုတည်းသော ဈေးကွက်ဖြစ်လာရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

ထိုသို့ဖြစ်လာစေရန် ပိုမိုအားကောင်းသော ပြုပြင်ပြောင်းလဲမှုများ လိုအပ်သည်ဟု စင်္ကာပူနိုင်ငံ ဝန်ကြီးချုပ် Mr. Lawrence Wong က ပြောကြားခဲ့ခြင်းကို ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၅ ရက်နေ့တွင် YouTube ပလက်ဖောင်းတွင် ဖော်ပြထားပါသည်။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံသည် တစ်ဦး ချင်းစီ၏ ကျွမ်းကျင်မှုများတွင် ကန့်သတ်မှုရှိနိုင်သော်လည်း အတူတကွ ကြိုးစား ဆောင်ရွက်ခြင်းဖြင့် ပို၍ အလေးသာနိုင်ကြောင်း ဝန်ကြီးချုပ် Mr. Lawrence Wong က ထပ်မံ ပြောကြားခဲ့ပါသည်။

အာဆီယံတွင် လက်ရှိကာလ၌ လူဦးရေ သန်း ၇၀၀ နေထိုင်လျက်ရှိပြီး ကမ္ဘာ့ပဉ္စမမြောက် အကြီးဆုံး စီးပွားရေးဒေသတစ်ခုဖြစ်ကာ ၂၀၃၀ ပြည့်နှစ်တွင် စတုတ္ထမြောက် အကြီးဆုံးစီးပွားရေး ဒေသဖြစ်လာ ရန် မျှော်မှန်းထားပါသည်။ အဆိုပါအလားအလာကို အတားအဆီးမရှိ ကျော်ဖြတ်နိုင်ရေးအတွက် လာမည့် ဆယ်စုနှစ်သည် အရေးပါကြောင်း ဝန်ကြီးချုပ် Mr. Lawrence Wong က ပြောကြားခဲ့ပါသည်။ **“အာဆီယံတွင် ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ဆက်လက် ဖြစ်ပေါ်နေခြင်း သည် အာဆီယံဒေသတစ်ခုလုံးကို ပြောင်းလဲစေမည်ဖြစ်ပြီး ပိုမိုကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများနှင့် လူနေမှု အဆင့်အတန်းများလည်း ရရှိလိမ့်မည်”** ဟု ဝန်ကြီးချုပ် Mr. Lawrence Wong က ပြောကြားခဲ့ပါသည်။

အာဆီယံနိုင်ငံအသီးသီး၏ ထောက်ပံ့ပို့ဆောင်မှု ကွင်းဆက်များသည် နိုင်ငံများစွာ ကို လွှမ်းခြုံထား ပြီးဖြစ်ကာ တစ်နိုင်ငံချင်းစီ၏ အားသာချက်များကို အချင်းချင်း ဖြည့်စွမ်းနိုင်ကြောင်း ဝန်ကြီးချုပ် Mr.Lawrence Wong မှ မှတ်ချက်ပြုခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံမှ ဝါဂွမ်းများကို ထိုင်းနိုင်ငံစက်ရုံများတွင် ချည်မျှင်အဖြစ် ပြောင်းလဲပြီး ဗီယက်နမ်နိုင်ငံတွင် ဆေးဆိုးချုပ်လုပ်ပြီး ကမ္ဘာ့နိုင်ငံများသို့ တင်ပို့နေခြင်းသည် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး ယင်း

ပူးပေါင်းဆောင်ရွက်မှုကိုပိုမိုခိုင်မာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့ပါသည်။ ပိုမိုလွယ်ကူချောမွေ့ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် တစ်ခုတည်းသော စျေးကွက်ဖြစ်လာစေရန် အာဆီယံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတားအဆီးများကို လျှော့ချရန်လိုအပ်ပြီး ကုမ္ပဏီများက နယ်စပ်ဖြတ်ကျော် လုပ်ငန်းများဆောင်ရွက်ရာတွင် ပို၍လွယ်ကူစေရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် Mr. Lawrence Wong က ပြောကြားခဲ့ပါသည်။

အာဆီယံနိုင်ငံများအကြား ဒစ်ဂျစ်တယ်စီးပွားရေး သဘောတူညီချက်အား ညှိနှိုင်းလျက်ရှိပြီး စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ငွေပေးချေမှုစနစ်များကို ချိတ်ဆက်လျက်ရှိကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားခဲ့ပါသည်။ အာဆီယံနိုင်ငံများဆွင် ပါဝင်သော အခြား ၇ နိုင်ငံ မှာဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး အာဆီယံသည် ရထားလမ်းနှင့် ဓာတ်အားလိုင်း ချိတ်ဆက်မှုအပါအဝင် ရုပ်ဝတ္ထုဆိုင်ရာ အခြေခံ အဆောက်အအုံများကိုလည်း မြှင့်တင်ရမည်ဖြစ်သကဲ့သို့ အခြားသောကမ္ဘာ့ နိုင်ငံများနှင့် မိတ်ဖက်ဆက်ဆံရေးကိုလည်း ပိုမိုနက်ရှိုင်းစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Mr. Lawrence Wong က ပြောကြားခဲ့ပါသည်။

အာဆီယံသည် ကမ္ဘာ့အကြီးဆုံးကုန်သွယ်မှုဖြစ်သည့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအပါအဝင် ပြင်ပမိတ်ဖက်နိုင်ငံများနှင့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် ၇ ခု ချုပ်ဆိုထားပြီးဖြစ်သည်ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့ပါသည်။ အာဆီယံ၏ လက်ရှိလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များကို အဆင့်မြှင့်တင်မည်ဖြစ်ပြီး ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် ဥရောပသမဂ္ဂများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းနေကြောင်းနှင့် အဆိုပါသဘောတူညီချက်များသည် စီးပွားရေးလုပ်ငန်းများအတွက် တံခါးဖွင့်ပေးထားပြီး အာဆီယံကို ကမ္ဘာ့စျေးကွက်များနှင့် ပိုမိုချိတ်ဆက်နိုင်စေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Mr. Lawrence Wong က ပြောကြားခဲ့ပါသည်။

Source: https://www.thejakartapost.com/business/2025/07/07/asean-needs-bolder-reforms-to-attract-investments-pm-wong.html

ဒေါ်အိအိငြိမ်း
ဒုတိယဦးစီးမှူး
အာဆီယံနှင့်အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

တရုတ်ထုတ်ကုန်အမှတ်တံဆိပ်များသည် ကမ္ဘာ့စားသုံးသူများအတွက် ရွေးချယ်စရာများ ပိုမို ပေးစွမ်းနိုင်

တရုတ်ထုတ်ကုန်အမှတ်တံဆိပ်များကို ကမ္ဘာသို့ တင်ပို့နိုင်ခြင်းကြောင့် ကမ္ဘာတစ်ဝန်းရှိ စားသုံးသူများအတွက် ရွေးချယ်စရာများ ပိုမိုပေးစွမ်းလျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မော်နင်မှ ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်သည့် ပုံမှန် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ပါသည်။ ထို့ပြင် နိုင်ငံတကာ အရည်အသွေးမြင့် နိုင်ငံခြားအမှတ်တံဆိပ်များအနေဖြင့် တရုတ်စျေးကွက်သို့ ဝင်ရောက်လာခြင်းကို ကြိုဆိုကြောင်း မော်နင်မှ ပြောကြားခဲ့ပါသည်။



ကမ္ဘာတစ်ဝှမ်း တင်ပို့လျက်ရှိသော တရုတ်ထုတ်ကုန် အမှတ်တံဆိပ်များအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ကုတ်ထုတ်လုပ်မှု ကွင်းဆက်သို့ တိုးချဲ့ဝင်ရောက်မှုနှင့် ပတ်သက်သည့် မေးခွန်းတစ်ခုကို ဖြေကြားရာတွင် မော်နင်မှ ယခုလို မှတ်ချက်ပေးခဲ့ခြင်းဖြစ်ပါသည်။ မကြာသေးမီက Mixue Bingcheng နှင့် Chagee ကဲ့သို့သော တရုတ်အချို့ရည် ကုန်အမှတ်တံဆိပ်များသည် ပြည်ပတွင် စာရင်းဝင်ရန် လျှောက်ထား ခဲ့မှုအပေါ် လူအများ၏ စိတ်ဝင်စားမှု များစွာရရှိခဲ့ပါသည်။

တရုတ်အမှတ်တံဆိပ်များ၏ ဆွဲဆောင်မှု

မော်နင်မှ ပြောကြားရာတွင် တရုတ်အမှတ်တံဆိပ်များသည် ၎င်းတို့၏ နည်းပညာမြင့်မားမှု (high-tech)၊ အနုစိတ်အလှအပ (aesthetics)၊ ဒီဇိုင်းဆန်းသစ်မှု (design) နှင့် စိတ်ခံစားမှုဆိုင်ရာဆက်စပ်မှု (emotional resonance) တို့ကြောင့် နိုင်ငံခြားစားသုံးသူများကို ဆွဲဆောင်လျက်ရှိသည်မှာ မှန်ကန်ကြောင်း ပြောကြားခဲ့ပါသည်။

တရုတ်ပြည်တွင် ထုတ်လုပ်သည်မှ တရုတ်ကုန်အမှတ်တံဆိပ်များဆီသို့ အသွင်ကူးပြောင်း

မော်နင်က တရုတ်နိုင်ငံတွင် ထုတ်လုပ်သည် (Made-in-China) ဟူသော စကားရပ်မှ တရုတ် ကုန်အမှတ်တံဆိပ်များအဖြစ်သို့ ပြောင်းလဲလာခြင်းသည် တရုတ်နိုင်ငံ၏ အရည်အသွေးမြင့်မားသော ဖွံ့ဖြိုးတိုးတက်မှု၏ သဘာဝကျသောရလဒ်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ ပြည့်စုံသော စက်မှုလုပ်ငန်းစနစ်၊ တရားမျှတပြီး ပွင့်လင်းသော စျေးကွက်ဝန်းကျင်နှင့်

ဆန်းသစ် တီထွင်မှုများတွင် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုတို့ကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်းလည်း ဖြည့်စွက် ပြောကြားခဲ့ပါသည်။

နိုင်ငံခြားအမှတ်တံဆိပ်များ တရုတ်ပြည်စျေးကွက်သို့ လာရောက်ရန် ကြိုဆို

တရုတ်နိုင်ငံအနေဖြင့် အရည်အသွေးမြင့်မားသည့် နိုင်ငံခြားအမှတ်တံဆိပ်များ တရုတ်စျေးကွက်သို့ ဝင်ရောက်လာပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုကို ကြိုဆိုကြောင်း သူမကပြောကြားခဲ့သည်။ ထိုသို့ နိုင်ငံတကာကုန်ပစ္စည်းများ တရုတ်နိုင်ငံ၏ စျေးကွက်သို့ ဝင်ရောက်ခြင်းဖြင့် ကမ္ဘာ့စီးပွားရေးကုန်သွယ်မှု (economic globalization) ၏ အကျိုးကျေးဇူးများကို နိုင်ငံတကာမှ စားသုံးသူများထံသို့ ဆောင်ကြဉ်းပေးနိုင်မည်ဟုလည်း ၎င်းက ပြောကြားခဲ့ပါသည်။

Source: https://eng.yidaiyilu.gov.cn/p/0NT6KH3U.html

ဦးနိုင်မင်းထွန်း
လက်ထောက်ညွှန်ကြားရေးမှူး
စီမံရေးရာနှင့်ငွေစာရင်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ကုန်သွယ်ရေးဆွေးနွေးပွဲအတွက် ထိုင်းနိုင်ငံဘဏ္ဍာရေးဝန်ကြီး အမေရိကန်သို့ သွားရောက်မည်



လာမည့်နှစ်ရက်အတွင်း ကျင်းပမည့် ကုန်သွယ်ရေးဆွေးနွေးမှုများအတွက် အမေရိကန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီး Pichai Chunhavajira က တနလ်ာနေ့တွင် ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံ အပေါ် အမေရိကန်က ချမှတ်ထားသည့် အကောက်ခွန်နှုန်းထားများသည် အခြားနိုင်ငံများ အပေါ် ချမှတ်ထားသည့်နှုန်းထားများထက်မမြင့်စေရန် မျှော်လင့်ကြောင်း ပြည်တွင်းသတင်း အစီအစဉ်တစ်ခုတွင် ၎င်းကပြောကြားခဲ့ပါသည်။ မည်မျှကောက်ခံသည်ဖြစ်စေ အခြားသောနိုင်ငံများထက် ပိုမများစေရန် မျှော်လင့်ကြောင်း Mr Pichai က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဇူလိုင်လ ၉ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည့် ဆိုင်းငံ့ကာလ မတိုင်မီ အကောက်ခွန် လျှော့ချရေး ညှိနှိုင်းမှု မအောင်မြင်ပါက အမေရိကန်နိုင်ငံ၏ အကောက်ခွန်နှုန်း ၃၆ % နှင့် ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ဆိုင်းငံ့

ကာလအတွင်း နိုင်ငံအများစုအတွက် အကောက်ခွန်နှုန်းထား ၁၀ % သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

နှစ်နိုင်ငံအကြား ဆွေးနွေးပွဲများသည် အကောက်ခွန်နှင့် ပတ်သက်၍ ကောင်းမွန်သော အခြေအနေသို့ ဦးတည်သွားနိုင်မည်ဖြစ်ပြီး ၁၀ % အထိ လျော့ကျသော နှုန်းထားတစ်ခုကို သတ်မှတ် နိုင်ကြောင်း ယခုလ အစောပိုင်းတွင်း စီးပွားရေးဝန်ကြီး Pichai Naripthaphan က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် အကောက်ခွန်နှုန်း ဆိုင်းငံ့ကာလ ကုန်ဆုံးမည့် ကာလထက် ကျော်လွန်၍ ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့ပါသည်။

Source: https://www.bangkokpost.com/business/general/3060594/thai-finance-minister-to-travel-to-us-for-trade-talks

ဒေါ်ဟေမန်ခိုင်ဝင်း
ဒုတိယညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

မြောက်ကိုရီးယားနိုင်ငံက Wonsan အထိမ်းအမှတ်ကမ်းခြေ ခရီးသွားဇုန်အား ဖွင့်လှစ်

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ အရှေ့ဘက်ကမ်းရိုးတန်းတွင် ခရီးသွားဇုန် တည်ဆောက်ပြီးစီးကြောင်း ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံပိုင်သတင်းဌာနတွင် ဖော်ပြထားပါသည်။ အဆိုပါစီမံကိန်းသည် ခရီးသွားလုပ်ငန်းကဏ္ဍအား မြှင့်တင်ရန်အတွက် မြောက်ကိုရီးယားနိုင်ငံ့ခေါင်းဆောင် ကင်ဂျုံအန်း၏ ဦးဆောင်မှုအောက်တွင် နှစ်များစွာကတည်းက ဆောင်ရွက်ခဲ့သည့် အဓိကစီမံကိန်းတစ်ခုလည်းဖြစ်ပါသည်။



ကင်ဂျုံအန်းသည် Wonsan Kalma ကမ်းခြေခရီးသွားဇုန် ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်ခဲ့ ပါသည်။ အဆိုပါ ခရီးသွားဇုန်သည် ခရီးသွားဧည့်သည် ဦးရေ ၂၀,၀၀၀ ခန့် လက်ခံနိုင်ပြီး မြောက်ကိုရီးယား နိုင်ငံအနေဖြင့် ပိုမိုကြီးမားသည့် ခရီးသွားဇုန်များကို လျင်မြန်စွာတည်ဆောက်သွားမည်ဟု ပြောကြားခဲ့ကြောင်း KCNA သတင်းဌာနက ဖော်ပြထားပါသည်။

ကင်ဂျုံအနှံးသည် ဒေသခံများအတွက် အပန်းဖြေနေရာဖြစ်သည့် ကမ်းခြေ မြို့ Wonsan ကို ဝင်ငွေဒေါ်လာဘီလျံချီအထိ ရရှိနိုင်သည့် ခရီးသွားအပန်းဖြေ ဇရိယာ အဖြစ် အောင်မြင်အောင် ပြုပြင်မွမ်းမံခဲ့ပြီး ၂၀၁၄ ခုနှစ်ကတည်းက စတင်ခဲ့သည့် Wonsan ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းများသည် ကုလသမဂ္ဂ၏ တားမြစ်ပိတ်ပင်မှုများတွင် မပါဝင်သည့်အတွက် ရှားပါးသည့်ဝင်ငွေ အရင်းအမြစ်များထဲမှ တစ်ခုဖြစ်သော်လည်း ၎င်း၏လက်နက် အစီအစဉ်များအပေါ် ကုလသမဂ္ဂ၏ တားမြစ်ပိတ်ပင်မှုများရှိခြင်းကြောင့် သီးသန့်ကမ္ဘာတွင်ရှိနေသည့် မြောက်ကိုရီးယား၏ Wonsan စီမံကိန်းတွင် လာရောက်လည်ပတ်မည့် နိုင်ငံခြား မိတ်ဖက်နိုင်ငံ မရှိနိုင်ပါ။

အဆိုပါခရီးသွားဇုန်သည် ပြည်တွင်းခရီးသွားများအတွက် ဇူလိုင်လ ၁ ရက် နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး နိုင်ငံခြားခရီးသွားများအတွက် ဖွင့်လှစ်မည့် အစီအစဉ်အား ပြောကြားထားခြင်း မရှိသေးပါ။

မြောက်ကိုရီးယားနိုင်ငံသည် ကိုဗစ် ၁၉ ကပ်ရောဂါစတင်ချိန် ၂၀၂၀ ပြည့် နှစ်တွင် နယ်စပ်များကို ပိတ်ထားခဲ့ပြီး ၂၀၂၃ ခုနှစ်မှစ၍ အနည်းငယ်စီ ပြန်ဖွင့် လာခဲ့ပါသည်။ ယခုအခါ ရုရှားခရီးသွား အဖွဲ့များကို ဝင်ခွင့်ပြုခဲ့သော်လည်း မြို့တော် ပြုယမ်းနှင့် နိုင်ငံ၏ အခြားဇရိယာများကို ယခုထိ ခရီးသွားလုပ်ငန်းအတွက် ဖွင့်လှစ် ပေးခဲ့ခြင်း မရှိသေးပါ။ သို့သော် ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် နိုင်ငံခြား အပြေးသမားများ ပါဝင်သော မာရသွန်ပြိုင်ပွဲတစ်ခုကို ကျင်းပခဲ့ပါသည်။

ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် နိုင်ငံရေး၊ စီးပွားရေးတွင် သီးခြားစီတည်ရှိခဲ့သော်လည်း မြောက်ကိုရီးယားနိုင်ငံက ရုရှား-ယူကရိန်းစစ်ပွဲအတွက် စစ်သည်အများအပြားနှင့် လက်နက်ခဲယမ်းများ၊ အမြောက်များနှင့် မစ်ဇိုင်းဒုံးကျည် များပေးအပ်ပြီးနောက် ပိုမိုနီးစပ်လာကြပါသည်။

Wonsan Kalma ခရီးသွားဇုန် ဖွင့်ပွဲအခမ်းအနားတွင် မြောက်ကိုရီးယား နိုင်ငံဆိုင်ရာ ရုရှားသံအမတ် နှင့် သံရုံးဝန်ထမ်းများကိုလည်း အထူးဧည့်သည်အဖြစ် ဖိတ်ကြားခဲ့ကြောင်း KCNA သတင်းဌာနက ဖော်ပြထားပါသည်။ ခရီးသွားလုပ်ငန်း အပေါ် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန် နှစ်နိုင်ငံလုံးက သဘောတူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မှစပြီး ပိတ်ထားခဲ့သော ၎င်းတို့နိုင်ငံ၏ မြို့တော်များအကြား တိုက်ရိုက်ရထားလမ်း ကို ပြန်လည်စတင်မည် ဖြစ်ပါသည်။

ကင်ဂျံအန်းအနေဖြင့် Wonsan Kalma ကမ်းခြေခရီးသွားဇုန်တွင် ပျော်ရွှင်မှုများစွာရရှိနိုင်မည် ဖြစ်ပြီး ကမ္ဘာ့အဆင့်မီ ခရီးသွားဇုန်အဖြစ် နာမည်ကြီးလာမည်ဟု ယုံကြည်ကြောင်း KCNA သတင်းဌာနက ဖော်ပြထားပါသည်။

Source: https://www.bangkokpost.com/business/general/3060594/thai-finance-minister-to-travel-to-us-for-trade-talks

ဒေါ်ခိုင်သဇင်
ဒုတိယညွှန်ကြားရေးမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

အီရန်-အစ္စရေး ပဋိပက္ခသည် ငွေလွှဲဝင်ငွေအပေါ် မှီခိုနေသည့် နီပေါစီးပွားရေး အပေါ် ခြိမ်းခြောက်လာစေပြီး ငွေကြေးဖောင်းပွမှု မြင့်တက်လာနိုင်



အီရန်က အစ္စရေးကို တိုက်ခိုက်ပြီးနောက် အနောက်အာရှတွင် တင်းမာမှုများ မြင့်တက်လာခြင်းကြောင့် ငွေလွှဲဝင်ငွေအပေါ် အားပြုနေရသော၊ သွင်းကုန် တင်သွင်းမှုများသော နီပေါနိုင်ငံအတွက် အထူးသဖြင့် အလုပ်သမားစွေးကွက်နှင့် ငွေကြေးဖောင်းပွမှု ကဏ္ဍများတွင် ထိတ်လန့် မှုများ ရင်ဆိုင်ရကြောင်း ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်တွင် ကာမန်ဒူသတင်းဌာနက ဖော်ပြထားပါသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်ရှိ အဓိကနျူကလီးယားစက်ရုံများကို ဖျက်ဆီးခဲ့သည်ဟု ကြေညာခဲ့ပြီးနောက် အမေရိကန်၏ မမျှော်လင့်သော လေကြောင်း တိုက်ခိုက်မှုများကို ကာကွယ်ရန် အီရန်က အစ္စရေးကို ဒုံးကျည်များဖြင့် အပြင်းအထန် ပစ်ခတ်ခဲ့ကြောင်း ဇွန်လ ၂၂ ရက် သတင်းတွင် ဖော်ပြထားပါသည်။

အမေရိကန်၏ တိုက်ခိုက်မှုများအပြီးတွင် လေကြောင်းလိုင်းများစွာသည် အရှေ့အလယ်ပိုင်း လေကြောင်း နယ်နိမိတ်ကို ရှောင်ရှားခဲ့ကြောင်း၊ ဒေသတွင်း စစ်ရေးလှုပ်ရှားမှုများ မြင့်တက်လာခြင်းကြောင့် မကြာသေးမီ ရက်သတ္တပတ်များအတွင်း လေကြောင်းခရီးစဉ်များကို လမ်းကြောင်းပြောင်းထားကြကြောင်း လေကြောင်းခရီးစဉ် စောင့်ကြည့်ရေးဝန်ဆောင်မှု Flightradar24 က ဖော်ပြထားပါသည်။

ငြိမ်းချမ်းရေးအတွက် တောင်းဆိုမှုများကို လိုက်နာရန် ပျက်ကွက်ပါက ထပ်မံ၍ ပြင်းထန်သော တိုက်ခိုက်မှုများပြုလုပ်မည်ဟု သမ္မတထရမ့်က အီရန်အစိုးရအဖွဲ့ကိုသတိပေးထားပါသည်။ အီရန်ကို ဆန့်ကျင်ရန် အစ္စရေးစစ်တမ်းနှင့်

ပူးပေါင်းဆောင်ရွက်ခဲ့သော သမ္မတထရမ့်၏ ဆုံးဖြတ်ချက်သည် ၎င်း၏ သမ္မတ သက်တမ်းတွင် အရေးအကြီးဆုံးသော နိုင်ငံခြားရေးမူဝါဒ ရွေးချယ်မှုများထဲမှ တစ်ခု ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်သည် ကမ္ဘာလုံးဆိုင်ရာ အန္တရာယ်များနှင့် မရေရာမှုများဖြင့် ပြည့်နှက်နေစေပါသည်။

ပဋိပက္ခများမြင့်တက်လာခြင်းကြောင့် နီပေါနိုင်ငံတွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ နီပေါနိုင်ငံတွင် အိမ်ထောင်စုများ၏ သုံးစွဲမှုနှင့် နိုင်ငံခြား အရန်ငွေများအတွက် ငွေလွှဲဝင်ငွေအပေါ် အကြီးအကျယ် မှီခိုနေရပါသည်။

နီပေါနိုင်ငံ၏ နောက်ဆုံးထုတ်ပြန်ထားသော လူနေမှုအဆင့်အတန်း စစ်တမ်းအရ ငွေလွှဲဝင်ငွေသည် ၂၀၁၁ ခုနှစ်တွင် ရှိပြီ ၇၅,၉၀၂ မှ ၂၀၂၃ ခုနှစ်တွင် ရှိပြီ ၁၂၆,၁၇၂ အထိမြင့်တက်ခဲ့ပြီး လွန်ခဲ့သော ၁၂ နှစ်အတွင်း နှစ်စဉ်ပျမ်းမျှ အိမ်ထောင်စုသုံးစွဲမှုသည် ၆၆ % အထိမြင့်တက်ခဲ့ပါသည်။ ကျေးလက်အိမ်ထောင်စု အများစုသည် ယခုအခါ နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နေသော မိသားစုဝင် တစ်ဦးဦးအပေါ် မှီခိုနေကြပါသည်။

နီပေါဗဟိုဘဏ်၏ အချက်အလက်များအရ လွန်ခဲ့သည့် ဘဏ္ဍာရေးနှစ် တွင် ငွေလွှဲဝင်ငွေသည် စံချိန်တင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀.၈၆ ဘီလီယံသို့ ရောက်ရှိခဲ့ကာ နိုင်ငံ၏ နိုင်ငံခြားအရန်ငွေများသည် သမိုင်းဝင် အမြင့်ဆုံးထိ ရောက် ရှိခဲ့ပါသည်။ ထိုနှစ်တွင် နီပေါလူမျိုး ၇၄၁,၃၀၂ ဦးသည် နိုင်ငံခြားသို့ အလုပ်လုပ် ကိုင်ရန် ထွက်ခွာခဲ့ပါသည်။

အာရပ်စော်ဘွားများပြည်ထောင်စုသည် အဓိကသွားရောက် အလုပ်လုပ် ကိုင်သည့်နေရာဖြစ်ပြီး နီပေါလုပ်သား ၁၉၁,၄၃၉ ဦးကို လက်ခံထားပါသည်။ ဆော်ဒီအာရေဗျနိုင်ငံတွင် လုပ်သား ၁၄၁,၅၀၂ ဦး၊ ကာတာနိုင်ငံတွင် လုပ်သား ၁၃၄,၆၇၁ ဦး၊ ကူဝိတ်နိုင်ငံတွင် လုပ်သား ၄၀,၃၆၈ ဦး၊ ဘာရိန်းနိုင်ငံတွင် လုပ်သား ၉,၈၀၇ ဦး၊ အိုမန်နိုင်ငံတွင် လုပ်သား ၅,၉၁၀ ဦးနှင့် ကျော်ဒန်နိုင်ငံတွင် လုပ်သား ၂,၂၀၃ ဦး သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ အစ္စရေးတွင် ထိုကာလ အတွင်း နီပေါလုပ်သား ၁,၀၀၄ ဦး အလုပ်လုပ်ကိုင်ခဲ့ပါသည်။

နီပေါ ရွှေ့ပြောင်းလုပ်သားများ၏ ထက်ဝက်နီးပါးရှိရာ အနောက်အာရှတွင် ပဋိပက္ခများ ပိုမိုဆိုးရွားလာပါက နီပေါနိုင်ငံအတွက် သိသာထင်ရှားသော သက်ရောက်မှုများ ရှိလာနိုင်သဖြင့် ပထဝီနိုင်ငံရေး ရိုက်ခတ်မှုများကို တုံ့ပြန်ရန် မဟာဗျူဟာမြောက် တုံ့ပြန်မှုများကို ပြင်ဆင်ရန် ကျွမ်းကျင်သူများက အစိုးရအား တိုက်တွန်းထားပါသည်။

အစ္စရေးရှိ နိုပေါလုပ်သားများ၏ ငွေလွှဲဝင်ငွေကြောင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချပြီး အိမ်ထောင်စု လူနေမှု အဆင့်အတန်းကို မြှင့်တင်ပေးကာ စီးပွားရေးကို အထောက်အကူပြုကြောင်းနှင့် အဆိုပါအခြေအနေများသည် ယခုအခါ အန္တရာယ် ရှိနေပြီဖြစ်ကြောင်း ရွှေ့ပြောင်းအခြေချရေး ကျွမ်းကျင်သူ Ganesh Gurung က ပြောကြားခဲ့ပါသည်။

အစ္စရေးသည် ပါလက်စတိုင်းနှင့်သာမက အီရန်နှင့် တိုက်ရိုက်အနေ အထား၊ လက်ဘနွန်နှင့် သွယ်ဝိုက် အနေအထားဖြင့် စစ်ဖြစ်နေပြီ ဟု Gurung က ပြောကြားခဲ့ပါသည်။ စစ်ရေးအခြေအနေမြင့်တက်လာပါက နိုပေါလူမျိုးအများစု သည် အလုပ်အကိုင်ဆုံးရှုံးကာ နေရပ်သို့ ပြန်ရန်ခိုင်ချေရှိကြောင်း၊ ယင်းသို့ ပြန်ရပါက စံချိန်တင်နေသည့် ငွေလွှဲဝင်ငွေများလည်း လျော့နည်းသွားမည် ဖြစ်ကြောင်း Ganesh Gurung က သတိပေးခဲ့ပါသည်။ ငွေလွှဲဝင်ငွေအပေါ် တစ်ခုတည်းသာ မှီခို နေရသော မိသားစုများသည် အလွန်အမင်း အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်သည်ဟု Ganesh Gurung က ထပ်လောင်းပြောကြားခဲ့ပါသည်။

ပါလက်စတိုင်းနှင့် ကြာရှည်စွာ ပဋိပက္ခဖြစ်ပွားနေခြင်း၊ အီရန်နှင့် လက်ဘနွန်တို့နှင့်လည်း ပဋိပက္ခဖြစ်ပွားနေခြင်းတို့ကြောင့် အစ္စရေး၏ စီးပွားရေး သည် ပြင်းထန်သော ဖိစီးမှုအောက်တွင်ရှိနေကြောင်း Ganesh Gurung က ထောက်ပြခဲ့ပါသည်။ အစ္စရေး၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် အထိနာနေရပြီး အခွန် ဝင်ငွေများ ကျဆင်းနေသကဲ့သို့ နိုင်ငံ၏ဝင်ငွေအများစုကို စစ်ရေးအတွက် သုံးစွဲ နေရကြောင်း၊ အဆိုပါအကြောင်းအရာက အလုပ်အကိုင်ဖန်တီးမှုအပေါ် တိုက်ရိုက် ထိခိုက်စေကြောင်းဟု ၎င်းက ပြောကြားခဲ့ပါသည်။

ရေနံထုတ်လုပ်သည့် နိုင်ငံများတွင် ပဋိပက္ခဖြစ်ပွားပါက နီပေါနိုင်ငံ အပါအဝင် ကမ္ဘာတစ်ဝန်းတွင် ငွေကြေးဖောင်းပွမှု ပိုမိုမြင့်တက်လာကြောင်း စီးပွားရေးပညာရှင်များက သတိပေးထားပါသည်။ အစ္စရေး-အီရန်စစ်ပွဲက နီပေါ စီးပွားရေးအပေါ် ဘက်ပေါင်းစုံက သက်ရောက်မှုရှိလာမည်ဟု စီးပွားရေး ပညာရှင် Chandramani Adhikari က ပြောကြားခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံရေး မဟာမိတ်များ၏ ချိတ်ဆက်မှု ပြောင်းလဲနေပြီး တရုတ်နှင့်ရုရှားက တစ်ဖက်၊ အာရပ်ကမ္ဘာက တစ်ဖက်၊ အမေရိကန်-အစ္စရေးအုပ်စုက တတိယအုပ်စုဖြစ်နေပြီး အဆိုပါအခြေအနေက ကမ္ဘာလုံးဆိုင်ရာ မရေရာမှုများကို နက်ရှိုင်းစေပြီး ကမ္ဘာ့နိုင်ငံရေးနှင့် ဆက်နွယ်နေ သော စီးပွားရေး၏ တည်ငြိမ်မှုကို ခြိမ်းခြောက်နေသည်ဟု Chandramani Adhikari က ပြောကြားခဲ့ပါသည်။

နီပေါနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ငွေလွှဲစီးဆင်းမှု၊ ကုန်သွယ်မှုနှင့် စျေးနှုန်းတည်ငြိမ်မှုတို့ အားလုံးထိခိုက်နိုင်သည်ဟု Adhikari က ပြောခဲ့ပါသည်။ စီးပွားရေးရပ်တန့်မှု၏ ဖြစ်နိုင်ချေကို စောင့်ကြည့်နေကြောင်း၊ အလုပ်လက်မဲ့နှုန်း မြင့်တက်လာနိုင်ပြီး ဝယ်ယူနိုင်စွမ်း ကျဆင်းသွားနိုင်သကဲ့သို့ စီးပွားရေးတိုးတက်မှုဆိုင်ရာ မျှော်မှန်းချက်များလည်း လွှဲချော်သွားနိုင်ကြောင်း Adhikari က ပြောကြားခဲ့ပါသည်။

အစ္စရေးတွင် အလုပ်လုပ်ကိုင်နေသော သို့မဟုတ် ပြန်လာသော နီပေါလူမျိုးများအတွက် ခရီးသွားသတိပေးချက်များကိုလည်း အစိုးရက ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ နီပေါနိုင်ငံ၏ စားသုံးသူစျေးနှုန်း ဖောင်းပွမှုသည် ၂၀၂၅ ခုနှစ်၊ မေလ လယ်တွင် ၂.၇၇ % သို့ ကျဆင်းခဲ့ပြီး လွန်ခဲ့သော လေးနှစ်ကျော်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပါသည်။ အဓိကအားဖြင့် အိန္ဒိယနိုင်ငံတွင် ငွေကြေးဖောင်းပွမှု လျော့ကျလာခြင်းကြောင့်လည်း ဖြစ်ပါသည်။ သို့သော်လည်း စျေးနှုန်းဖောင်းပွမှု ကျဆင်းမှုသည် ကြာရှည်ခံမည်မဟုတ်ဟု Adhikari က သတိပေးခဲ့ပါသည်။

ရေနံစျေးနှုန်းသည် မြင့်တက်နေခြင်းကြောင့် သယ်ယူပို့ဆောင်ရေးနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များကို မြင့်တက်စေလိမ့်မည်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ အားကောင်းလာခြင်းကြောင့် နီပေါနိုင်ငံ အနေဖြင့် သွင်းကုန်အတွက် ပိုမိုပေးချေရလိမ့်မည်ဟု Adhikari က ပြောကြားခဲ့ပါသည်။

၂၀၀၈ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး အကျပ်အတည်းကာလတွင် နီပေါနိုင်ငံသည် ကမ္ဘာ့စျေးကွက်များနှင့် ပေါင်းစပ်မှုနည်းပါးခြင်းကြောင့် အတန်အသင့် ကင်းလွတ်ခဲ့ကြောင်း၊ ယနေ့ကာလတွင် နီပေါသုံးစွဲမှု၏ ၇၀ % ကို တင်သွင်းနေရခြင်းကြောင့် ကမ္ဘာ့လုံးဆိုင်ရာ ပြတ်တောက်မှုဖြစ်ပေါ်လာပါက အလွန်အမင်းထိခိုက်နိုင်ကြောင်း Adhikari က ပြောကြားခဲ့ပါသည်။

စစ်ပွဲနှင့်သက်ဆိုင်သည့် ကုန်ကျစရိတ်များကို စီမံခန့်ခွဲရန် အလျှော့နိုင်ငံများက ငွေကြေးအရင်းအမြစ်များကို ပြောင်းလဲ သုံးစွဲလာနိုင်သောကြောင့် နိုင်ငံခြားအကူအညီများလည်း ကျဆင်းသွားနိုင်သည်ဟု Adhikari က ထပ်လောင်းပြောကြားခဲ့ပါသည်။

Source:https://kathmandupost.com/money/2025/06/23/conflict-threatens-nepal-s-economy-as-remittance-inflation-risks-grow

ဒေါ်ခိုင်သဇင်
ဒုတိယညွှန်ကြားရေးမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

တရုတ်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် ကုန်သွယ်ရေးသဘောတူညီချက်များကို အမေရိကန်နှင့် လက်မှတ်ရေးထိုးခြင်းမပြုရန် တရုတ်နိုင်ငံက သတိပေး



အကောက်ခွန်စည်းကြပ်မှု မူဝါဒဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သည့် ရက်ပေါင်း ၉၀ ကာလသည် ဇူလိုင်လ ၉ ရက်နေ့တွင် သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သောကြောင့် အမေရိကန် ပြည်ထောင်စုနှင့် သဘောတူညီမှုရရှိရန် ဆွေးနွေးညှိနှိုင်းနေမှုများ ပြုလုပ်နေသည့် နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံ၏ အကျိုးစီးပွားကိုထိခိုက်စေမည့် အပေးအယူမပြုလုပ်ရန် တရုတ်နိုင်ငံက ထပ်မံသတိပေးခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေပြီး အမေရိကန်၏ အကောက်ခွန်သက်သာခွင့် သဘောတူညီမှုများကိုရယူသည့် မည်သည့်အဖွဲ့အစည်းမဆို ပေကျင်းက ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း ဖော်ပြထားပါသည်။ အဆိုပါ အခြေအနေမျိုး ပေါ်ပေါက်လာပါက တရုတ်နိုင်ငံအနေဖြင့် လုံးဝလက်ခံမည်မဟုတ်ဘဲ ၎င်း၏တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားများကိုကာကွယ်ရန် ခိုင်မာပြတ်သားသည့် တုန့်ပြန်ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဟု ဖော်ပြထားပါသည်။

အကောက်ခွန် ပြန်လည်ချမှတ်ခြင်းကို ရှောင်ရှားရန် အမေရိကန်နှင့် သဘောတူညီမှုရရှိရန် ကြိုးပမ်းနေသည့် နိုင်ငံများအနေဖြင့် မူဝါဒဆိုင်ရာ ရပ်တည်ချက်များကို ခိုင်မာစွာကာကွယ်ခြင်းဖြင့်သာ ၎င်းတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိရောက်စွာကာကွယ်သင့်ကြောင်း သတိပေးခဲ့ပါသည်။ အမေရိကန်နှင့် ကုန်သွယ်ရေး အငြင်းပွားမှုများကို မျှတမှုရှိသော ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် ဖြေရှင်းရန်လက်ခံပြီး တရားမျှတမှုဘက်မှ ရပ်တည်ရန်နှင့် နိုင်ငံတကာ ကုန်သွယ်ရေး စည်းမျဉ်းများကို ထိန်းသိမ်းကာကွယ်ကြရန် တောင်းဆိုကြောင်း ဖော်ပြထားပါသည်။

အဆိုပါထုတ်ပြန်ချက်တွင် အမေရိကန်နိုင်ငံသမ္မတ Donald Trump ၏ **“တစ်ဖတ်သတ်အပြန်အလှန် အကောက်ခွန် စည်းကြပ်မှုအစီအစဉ်”** သည် တစ်ဖတ်သတ် အကြပ်ကိုင်မှုဖြစ်သည်ဟု ဖော်ပြထားပါသည်။ တရုတ်နိုင်ငံ အနေဖြင့် အမေရိကန်နှင့် အခြားနိုင်ငံများ၏ ဆွေးနွေးမှုများကို ဝင်ရောက်စွက်ဖက်ခြင်းမပြုသည့်အတွက် တရုတ်နိုင်ငံကို နစ်နာအောင် မလုပ်ရန် သတိပေးကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

အမေရိကန်အနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းများအတွင်း ဥရောပသမဂ္ဂ၊ ဂျပန်၊ ဗီယက်နမ်နှင့် အိန္ဒိယအပါအဝင် ကုန်သွယ်ဖက် ၁၂ နိုင်ငံကျော်နှင့် ညှိနှိုင်းဆွေးနွေးမှုများကို တိုးမြှင့်လုပ်ဆောင်နေပြီး တချို့နိုင်ငံများနှင့် သဘောတူညီချက်များ ရရှိင်ဖွယ်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့ပါသည်။ သဘောတူညီမှုမရရှိခဲ့သည့် နိုင်ငံများအတွက် အမေရိကန်နိုင်ငံမှ တစ်ဖက်သတ် အကောက်ခွန်နှုန်းထားများ ဆက်လက်ချမှတ်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

အမေရိကန်သည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေး သဘောတူညီမှုတစ်ခုကို လက်မှတ်ထိုးပြီးဖြစ်ကြောင်း Trump ကပြောကြားခဲ့ပြီး အသေးစိတ်အချက်အလက်များကိုဖော်ပြခြင်းမရှိပါ။ ကန့်သတ်ထားသည့်ပစ္စည်းများအတွက် ပို့ကုန်လျှောက်လွှာများကို ပြန်လည်သုံးသပ် အတည်ပြုမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီဌာနကအတည်ပြုပြောကြားခဲ့ပြီးအမေရိကန်ကလည်း ၎င်း၏ကန်သတ်ချက်အချို့ကို တုန့်ပြန်သည့်အနေဖြင့် ဖယ်ရှားပေးမည်ဖြစ်ပါသည်။

အဆိုပါတိုးတက်မှုသည် အင်အားကြီးနိုင်ငံနှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆွေးနွေးပွဲများတွင် တိုးတက်သော လက္ခဏာတစ်ရပ်ဖြစ်ပြီး နိုင်ငံနှစ်နိုင်ငံ၏ကျယ်ပြန့်သော အပြန်အလှန် ပို့ကုန်ထိန်းချုပ်မှုများကိုလည်း ပြောင်းလဲသွားစေခဲ့ပါသည်။ ယခုလအစောပိုင်းက လန်ဒန်တွင် နှစ်ရက်ကြာ ကျင်းပခဲ့သည့် ကုန်သွယ်ရေးဆွေးနွေးပွဲများ ပြီးဆုံးသည့် အချိန်မှစပြီး ပေကျင်းနှင့် အမေရိကန်အနေဖြင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပြီး နှစ်ဖက်စလုံးမှ သဘောတူညီခဲ့သည့် မူဘောင်အသေးစိတ်အချက်အလက်များကိုလည်း ထပ်မံအတည်ပြုခဲ့ကြပါသည်။

ဇွန်လ ၅ ရက်နေ့တွင် နှစ်နှစ်နိုင်ငံဝန်ကြီးများ ဖုန်းဖြင့်ပြောကြားစဉ်က ချမှတ်ခဲ့သည့် အရေးကြီးသော သဘောတူညီချက်နှင့် တင်ပြထားသည့် လိုအပ်ချက်များကို အမေရိကန်မှ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ကြောင်း ဖော်ပြထားသော်လည်း လက်ရှိအခြေအနေများသည် တည်ငြိမ်မှု မရှိသေးကြောင်း Xu Weijun က ပြောကြားခဲ့ပါသည်။

Source: https://www.bangkokpost.com/business/general/3060561/china-warns-countries-not-to-sign-us-trade-deals-at-its-expense

ဒေါ်ဟေမန်ခိုင်ဝင်း
ဒုတိယညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

သတ်မှတ်ထားသည့် နောက်ဆုံးရက် နီးကပ်လာပြီဖြစ်သဖြင့် သမ္မတထရန့်မ်က ဂျပန်နိုင်ငံကို ၃၅ ရာခိုင်နှုန်းအထိ အခွန်တိုးမြှင့်ကောက်ခံမည်ဟု ခြိမ်းခြောက်



အမေရိကန်သမ္မတ ဒေါနယ်ထရန့်မ်က လာမည့်ရက်သတ္တပတ်အတွင်း ၎င်းသတ်မှတ်ထားသည့် နောက်ဆုံးရက် မတိုင်မီကာလအတွင်း နှစ်နိုင်ငံအကြား သဘောတူညီမှု မရရှိပါက ဂျပန်နိုင်ငံကို ၃၀% သို့မဟုတ် ၃၅% အကောက်ခွန် စည်းကြပ်သွားမည်ဟု ခြိမ်းခြောက်ပြောကြားခဲ့သည်။ ယင်းသည် ဧပြီလ ၂ ရက်က ထရန့်မ်တရားဝင်ကြေညာခဲ့သော **“Liberation Day”** ဟု ခေါ်သည့် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများအပေါ် ပြင်းထန်သော အကောက်ခွန်များ ချမှတ်ခြင်း၏ တစိတ်တပိုင်းအနေဖြင့် ဂျပန်နိုင်ငံအပေါ်ချမှတ်ခဲ့သည့် ၂၄ % တင်သွင်းခွန်ကို ကျော်လွန်သွား လိမ့်မည်ဖြစ်သည်။

ဂျပန်အပါအဝင် အမေရိကန်၏ ကုန်သွယ်ဖက်နိုင်ငံအများစုကို ဝါရှင်တန်နှင့် သဘောတူညီမှုရယူရန် အချိန်ပေးသည့် အနေဖြင့် လာမည့် ရက်ပေါင်း ၉၀ အတွင်း ယင်းနိုင်ငံများအပေါ် ချမှတ်ထားသည့် အကောက်ခွန်များကို ၁၀% အထိ လျှော့ချပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆိုင်းငံ့ကာလသည် ဇူလိုင်လ ၉ ရက်နေ့တွင် ကုန်ဆုံးတော့မည်ဖြစ်သော်လည်း ထရန့်မ်က ထပ်မံအချိန်တိုးချဲ့ပေးရန် အစီအစဉ် မရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဝါရှင်တန်နှင့် တိုကျိုနှစ်နိုင်ငံကြား သဘောတူညီမှု ရယူနိုင်ပါ့မလားဆိုသည့် သံသယရှိကြောင်း ထရန့်မ်က ပြောကြားခဲ့သည်။ သမ္မတထရမ့်က **“မိမိတို့အနေဖြင့် ဂျပန်နိုင်ငံနှင့် ဆွေးနွေးခဲ့ဖြစ်ကြောင်း၊ သဘောတူညီမှု ရ မရဆိုသည်မှာ အသေချာကြောင်း”** အင်္ဂါနေ့တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

ထရန့်မ်၏ အကောက်ခွန်တိုးမြှင့်မည်ဟူသော ခြိမ်းခြောက်မှုနှင့် ပတ်သက်၍ ဗုဒ္ဓဟူးနေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဂျပန်နိုင်ငံက မှတ်ချက်ပေးရန် ငြင်းဆန်ခဲ့သည်။ အမေရိကန်အစိုးရအရာရှိများ၏ ပြောကြားချက်တိုင်းကို **“မိမိတို့အနေဖြင့် မှတ်ချက်ပေးမည်မဟုတ်ကြောင်း”** ဂျပန်နိုင်ငံ၏ ဒုတိယအစိုးရအဖွဲ့၏ အကြီးအကဲအတွင်းရေးမှူးဖြစ်သူကာဇူဟီကို အာအိုကီက ပြောကြားခဲ့သည်။ အခြားနိုင်ငံများစွာနည်းတူ လက်ရှိအနေဖြင့် ဂျပန်နိုင်ငံမှ

အမေရိကန်နိုင်ငံသို့ ပို့ကုန်အများစုတွင် ၁၀% အခွန်စည်းကြပ်ခြင်း ခံနေရပါသည်။ ဂျပန်နိုင်ငံထုတ် မော်တော်ယာဉ်များနှင့် မော်တော်ယာဉ် အစိတ်အပိုင်းများအပေါ် ၂၅% သွင်းကုန်ခွန် ကောက်ခံပြီး သံမဏိနှင့် အလူမီနီယမ်တို့တွင် ၅၀% အကောက်ခွန် စည်းကြပ်ခြင်းခံနေရသည်။

ဂျပန်နိုင်ငံ၏ အစိုးရအဖွဲ့အကြီးအကဲ ယိုရှီမာဆာဟာယာရှိက ဝါရှင်တန်နှင့် သဘောတူညီမှု ရရှိနိုင်ရန်အတွက် ဂျပန်နိုင်ငံမှ လယ်သမားများကို ထိခိုက်စေနိုင်သည့် လိုက်လျောမှုများကို ပြုလုပ်မည်မဟုတ်ကြောင်း အင်္ဂါနေ့က ပြောကြားခဲ့သည်။ ထရန့်မ်က အမေရိကန်အပေါ် ချမှတ်ထားသော ကုန်သွယ်ရေးမူဝါဒများနှင့် ပတ်သက်၍ နိုင်ငံများကိုဝေဖန်ခဲ့ပြီး ဂျပန်နိုင်ငံ၏ ဆန်တင်သွင်းမှုကို အဓိကထား ဝေဖန်ခဲ့ပြီးနောက်ပိုင်း အဆိုပါမှတ်ချက်များထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ထရန့်မ်က အကောက်ခွန်အသစ်များ ဆိုင်းငံ့ထားစဉ် အချိန်အတွင်း ကုန်သွယ်ရေးသဘောတူညီမှုစာချုပ်ပေါင်း ၉၀ ကို လက်မှတ်ရေးထိုးမည်ဟု မူလကပြောကြားခဲ့သော်လည်း လက်ရှိတွင် အမေရိကန်နိုင်ငံသည် ယူကေတစ်နိုင်ငံတည်းနှင့်သာ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

Source: https://www.bbc.com/news/articles/cgeqrd0e9j7o

မြတ်အိန္ဒြေခိုင်
ဦးစီးအရာရှိ
ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

Federal ဘဏ်အုပ်ချုပ်ရေးမှူး Michelle Bowman က ငွေကြေးဖောင်းပွမှု ဆက်လက်ရှိနေပါက အတိုးနှုန်းလျှော့ချရေးကို ထောက်ခံမည်ဟုဆို

Federal Reserve ဘဏ် အုပ်ချုပ်ရေးမှူး Michelle Bowman က ငွေကြေးဖောင်းပွမှုဖိအားများ ဆက်လက်တည်ရှိနေပါက နောက်လာမည့် မူဝါဒ အစည်းအဝေးတွင် အတိုးနှုန်းလျှော့ချရေးကို ထောက်ခံမည်ဟု တနလာနေ့တွင် ပြောကြားခဲ့သည်။

သူမ၏ ပြောကြားချက်များသည် ယခုလအစောပိုင်းတွင် အမေရိကန်သမ္မတဒေါနယ်ထရန့်မ်၏ အခွန်များကြောင့် ဖြစ်ပေါ်လာသည့် ကာလတိုနှင့် ပုံမှန်မဟုတ်သော သက်ရောက်မှုများရှိနိုင်ကြောင်း ဘဏ်အရာရှိများ၏ အကြံပြုချက်



များနှင့်တူညီနေပါသည်။ Bowman က ငွေကြေးဖောင်းပွမှုဖိအားများ ဆက်လက်တည်ရှိနေမည် ဆိုပါက မူဝါဒအခြေအနေကို ပိုမိုကြားနေသည့် အဆင့်သို့ ရောက်ရှိရန် အတိုးနှုန်း လျှော့ချခြင်းကို ထောက်ခံမည်ဟု ပြောကြားခဲ့သည်။

စီးပွားရေး အခြေအနေနှင့် ငွေကြေး စျေးကွက်များကို အနီးကပ် စောင့်ကြည့်ရန် လိုအပ်ကြောင်းလည်း သူမက ဖြည့်စွက်ပြောကြားခဲ့သည်။ Trump အစိုးရသည် နိုင်ငံ၏ဖောင်းပွနေသော ကြွေးမြီများအတွက် ဘဏ္ဍာငွေကုန်ကျစရိတ် သက်သာစေရန် နည်းလမ်းအဖြစ် Federal Reserve ဘဏ်ကို အတိုးနှုန်းလျှော့ချရန် ဖိအားပေးလျက်ရှိပါသည်။ Federal အစည်းအဝေးကို မကြာသေးမီက ကျင်းပခဲ့ပြီး အတိုးနှုန်းကို ၄.၂၅ % မှ ၄.၅ % အထိ ဆက်လက်ထိန်းထားရန် မဲပေးဆုံးဖြတ်ခဲ့သည်။

Bowman က ငွေကြေးဖောင်းပွမှုဖိအားများ ဆက်လက် မြင့်မားလာခြင်း မရှိပါက အတိုးနှုန်း လျှော့ချရန် နည်းလမ်းကို ထောက်ခံကြောင်းနှင့် အလုပ်သမား စျေးကွက် အလားအလာကို ထည့်သွင်းစဉ်းစားမည်ဟု ပြောကြားခဲ့သည်။ စီးပွားရေး ပညာရှင်များက Trump ၏ အခွန်များသည် အတိုးနှုန်းကို မြှင့်တင်ပေးမည်ဟု စိုးရိမ်ခဲ့ကြသော်လည်း အမှန်တကယ်တွင် သိသာထင်ရှားသော အကျိုးသက် ရောက်မှုမရှိခဲ့ကြောင်းနှင့် အဓိကကုန်သွယ်ဖက်များနှင့် ညှိနှိုင်းမှုများက ဖိအားကို လျှော့ချပေးခဲ့ကြောင်း Bowman က ပြောကြားခဲ့သည်။

ငွေကြေးဖောင်းပွမှုအပေါ် အခွန်များ၏ သက်ရောက်မှုသည် နောင့်နေးနိုင်ခဲ့ပြီး ကနဦး ခန့်မှန်း ချက်ထက် ပိုမိုကြီးမားနိုင်ကြောင်း သူမကယုံကြည်ခဲ့သည်။ Bowman က စတော့ရှယ်ယာစာရင်းများ ကြီးထွားလာမှုကို ကိုးကား၍ **“မူဝါဒ မှန်ကန်သည်ဟု ကျွန်ုပ်တို့ထင်မြင်ပါသည် ရှေ့ဆက်သွားရန်မှာ အချိန်တန်ပါပြီ”** ဟု ပြောကြားခဲ့သည်။

Federal ကို အနည်းဆုံး ၂ ရာခိုင်နှုန်းဖြင့် လျှော့ချသင့်သည်ဟု ထင်မြင်မိကြောင်း Trump က ပြောကြားခဲ့သည်။ Bowman ၏ ယူဆချက်များသည် အတိုးနှုန်းထားကို မည်မျှလျှော့ချသင့်သည်ဟု သူမထင်မြင်ကြောင်းကို ဖော်ပြထားခြင်း မရှိသည့်အပြင် သိသိသာသာ ဖြတ်တောက်မှုများပြုလုပ်ရန် မလိုအပ်ကြောင်း Federal Reserve Governor Christopher Waller မှ ပြောကြားခဲ့သည်။

Federal Open Market Committee (FOMC) ၏ နောက်ထပ်အစည်း

အဝေးကို ဇူလိုင်လ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။

စီးပွားရေး လုပ်ငန်းရှင်များမှ အတိုး နှုန်းလျှော့ချနိုင် နှင့်ပတ်သက်၍ CME Group ၏ Fed_Watch gauge အနာဂတ်စျေးကွက် စျေးနှုန်းတိုင်းတာမှုအရ ဇူလိုင်လတွင် အတိုးနှုန်းလျှော့ချနိုင်ခြေ ၂၃ % ဖြစ်နိုင်ချေရှိကြောင်းနှင့် စက်တင်ဘာလတွင် ၇၈ % ဖြစ်နိုင်ချေရှိကြောင်း ခန့်မှန်းထားပါသည်။

Source: https://www.cnbc.com/2025/06/23/fed-governor-bowman-favors-july-interest-rate-cut-if-inflation-stays-low.html

ဒေါ်ဂျူးမျက်ချယ်
ဦးစီးအရာရှိ
ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၃)
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

DeepSeek AI ၏ ဂျာမနီနိုင်ငံရှိ Apple ၊ Google ကုမ္ပဏီများမှ ပိတ်ပင်မှုများနှင့်ရင်ဆိုင်နေရခြင်း

AI နည်းပညာအသစ်များသည် ကမ္ဘာ့စီးပွားရေးနယ်ပယ်နှင့် လူထုဝန်ဆောင်မှုအပေါ် သက်ရောက်မှုရှိလာလျက်ရှိရာ အစိုးရအဖွဲ့များသည် နည်းပညာအသစ်များအပေါ် ထိန်းသိမ်းစစ်ဆေးမှု၊ စည်းမျဉ်းသတ်မှတ်ခြင်းနှင့် အသုံးပြုသူအခွင့်အရေးများ၏အကာအကွယ်ရေးဆိုင်ရာ တာဝန်များအားအခြေခံ၍ဆောင်ရွက်နေကြသည်။

ဂျာမနီနိုင်ငံတွင် အသုံးပြုသူများအကြား လူကြိုက်များလာသော Deep-Seek AI Chatbot Application အား Apple App Store နှင့် Google Play Store မှ ပိတ်ပင်နိုင်ကြောင်းသိရှိရပြီးဂျာမနီနိုင်ငံအတွက်ဒေတာထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ အသုံးပြုသူ အခွင့်အရေး ဆိုင်ရာဥပဒေများနှင့် EU Digital Markets Act (DMA) အောက်တွင် ထိန်းသိမ်းဆောင်ရွက်နိုင်သည်ဟု သိရသည်။

DeepSeek AI Chatbot သည် GPT မော်ဒယ်ဖြင့် တည်ဆောက်ထားသော AI Chatbot အသစ်တစ်ခုဖြစ်ပြီး စကားပြောဆိုမှုများ၊ စာရေးခြင်း၊ ဘာသာပြန်ခြင်းနှင့် ကုမ္ပဏီစီမံခန့်ခွဲရေးအတွက် အကြံဥာဏ်များပေးနိုင်သော Chatbot Application တစ်ခုအဖြစ် ဂျာမနီနှင့် Europe နိုင်ငံများတွင် တိုးတက်စွာ အသုံးပြုလာသည့် အခါ အသုံးပြုသူများ၏ အခြေခံအချက်အလက်များ၊ စကားပြောဆိုသည့် အချက်

အလက်များ၊ ကိုယ်ရေးအချက်အလက်များ စုဆောင်းပုံများအပေါ် ဒေတာထိန်းသိမ်းမှုမရှိခြင်းနှင့် အသုံးပြုသူများအား တိကျသောအချက်အလက်မပေးခြင်းတို့ကြောင့် ဥပဒေအား ချိုးဖောက်နိုင်ခြင်း ဖြစ်လာသည်ဟု ဂျာမနီဒေတာကာကွယ်ရေး အာဏာပိုင်အဖွဲ့များမှ ညွှန်ပြထားသည်။



Apple နှင့် Google ကုမ္ပဏီများသည် အသုံးပြုသူ ဒေတာထိန်းသိမ်းမှုနှင့် အသုံးပြုသူ အခွင့်အရေးများကို DMA (Digital Markets Act) ဥပဒေအောက်တွင် ထိန်းသိမ်းရာ၌ တာဝန်ရှိကြောင်း ပြောကြားထားပြီး ဂျာမနီနိုင်ငံ၏ Digital Markets Authority နှင့် အစိုးရဆိုင်ရာ ညှိနှိုင်းဆွေးနွေးခြင်းများ အပြီးတွင် DeepSeek Application အား App Store နှင့် Play Store မှ ပိတ်ပင်ဖယ်ရှားနိုင်ကြောင်းသိရှိရသည်။

EU ၏ Digital Markets Act သည် ဥရောပဒေသအတွင်း Big Tech ကုမ္ပဏီများကို ထိန်းသိမ်းစစ်ဆေးရန်နှင့် အသုံးပြုသူဒေတာ အကာအကွယ်ရေး အတွက် စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီအသုံးပြုသည့် ဥပဒေတစ်ခုဖြစ်သည်။ ယင်းဥပဒေအောက်တွင် အသုံးပြုသူများ၏ ကိုယ်ရေးအချက် အလက်များအား တိကျစွာ ထိန်းသိမ်းပေးရန်၊ အသုံးပြုသူများ၏ ကန့်သတ်ခွင့်များကို ထိန်းသိမ်းပေးရန်နှင့် အချက်အလက်များ၏ အသုံးချမှု လုပ်ငန်းစဉ်များအား တိကျစွာညွှန်ပြနိုင်ရန် တားမြစ်ထားသည်။ DeepSeek AI Chatbot သည် ဤဥပဒေဆိုင်ရာ အချက်အလက်များနှင့် မကိုက်ညီသောကြောင့် ဂျာမနီနိုင်ငံတွင် Apple ၊ Google ကုမ္ပဏီများမှပိတ်ပင်ခံရနိုင်ခြင်းဖြစ်သည်။

ထိုသို့ ပိတ်ပင်ခြင်းဖြစ်လာပါက အသုံးပြုသူများအနေဖြင့် အခြား AI Chat-bot ဝန်ဆောင်မှုများသို့ ပြောင်းရွှေ့အသုံးပြုသွားနိုင်ပြီး AI နည်းပညာလုပ်ငန်း ကဏ္ဍအတွက်ဥပဒေနောက်ခံထားရှိမှုနှင့်အသုံးပြုသူအခွင့်အရေးအတွက် ထိန်းသိမ်းရေးတာဝန်ဆောင်ရွက်ခြင်းများ အရေးကြီးလာနိုင်သည့်အပြင် စီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ပြီး Big Tech ကုမ္ပဏီများအတွက် ဥပဒေ လိုက်နာမှု မရှိသည့် Application များအား ဖယ်ရှားခြင်းနှင့် ထိန်းသိမ်းခြင်းများ အဆက်မပြတ် ဆောင်ရွက်ရနိုင်ကြောင်း သိသာထင်ရှားနေသည်။

ဤအကြောင်းအရာသည် AI နည်းပညာတိုးတက်မှု နှင့်အသုံးပြုသူဒေတာ အကာအကွယ်ရေးတို့၏ အရေးပါမှုကို ပြသသည့် နည်းပညာအကြောင်းအရာအဖြစ် သတ်မှတ်နိုင်ပြီး AI နည်းပညာ အသုံးပြုသော တိုင်းပြည်များ၊ အစိုးရအဖွဲ့အစည်း

များအနေဖြင့် ဒေတာထိန်းသိမ်းရေးဥပဒေများနှင့် အသုံးပြုသူ အခွင့်အရေးများ အတွက် ထိန်းသိမ်းအကောင်အထည်ဖော်ရန်၊ တာဝန်ယူ၍ ဆောင်ရွက်နိုင်ရန်နှင့် နည်းပညာ စီးပွားရေးကဏ္ဍ၏ တိုးတက်မှုနှင့်အညီ အကျိုးအမြတ်နှင့် ဥပဒေ လိုက်နာမှုကို ချိန်ညှိနိုင်ရန်လိုအပ်ကြောင်း သက်သေပြသလျက်ရှိသည်။ AI နည်းပညာအသုံးပြုမှုတွင် နည်းပညာတိုးတက်လာသည့်အမျှ ဒေတာထိန်းသိမ်းရေး နှင့် အသုံးပြုသူအခွင့်အရေး ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၏ အရေးပါမှုကိုသိရှိအောင် လုပ်ပေးသည့်အပြင် AI အသုံးပြုမှုတွင် အသုံးပြုသူ အခွင့် အရေးများအတွက် အရေးတကြီးဥပဒေလိုက်နာမှုရှိရမည်ကိုလည်းသိရှိရပါသည်။

ထို့ကြောင့် အစိုးရအဖွဲ့များ၊ နည်းပညာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အသုံးပြုသူများအနေဖြင့် AI နည်းပညာအသုံးပြုစဉ်တွင် အသုံးပြုသူအခြေခံ အချက် အလက်များ၏ အကာအကွယ်၊ ထိန်းသိမ်းမှုအတွက် ရှင်းလင်းအောင် ပြသနိုင်ရန်၊ ဥပဒေလိုက်နာနိုင်ရန်နှင့် နည်းပညာ တိုးတက်မှုနှင့်အညီ တာဝန်ယူ၍ ဆောင်ရွက် နိုင်ရန် ဆောင်ရွက်သင့်ကြောင်း ဤအကြောင်းအရာမှ သင်ခန်းစာအဖြစ် မှတ်ယူ နိုင်ပါသည်။

Suorce: https://www.reuters.com/sustainability/boards-policy-regulation/deepseek-faces-expulsion-app-stores-germany-2025-06-27/

ဦးဟိန်းဇေယျာနိုင်
ဦးစီးအရာရှိ
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ထိုင်းနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ဇွန်လ၌ အမှာစာအသစ်များတိုးတက်ရရှိခဲ့

ထိုင်းနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် အလုပ်အကိုင်များ ရပ်တန့် နေသော်လည်း ပြည်တွင်းနှင့်ပြည်ပမှ မှာယူမှုများပြားလာခြင်းကြောင့် ၂၀၂၅ ခုနှစ် ဇွန်လတွင် ဒုတိယအကြိမ်ဆက်လက် တိုးတက်လာခဲ့ကြောင်း အဂ်ိနေ့ က ထုတ်ပြန် သည့် စစ်တမ်းတစ်ခုက ဖော်ပြသည်။

အရှေ့တောင်အာရှနိုင်ငံ၏ ကုန်ထုတ်လုပ်မှုဆိုင်ရာ PMI အညွှန်းကိန်း သည် မေလတွင် ၅၁.၂ မှ ၅၁.၇ သို့ မြင့်တက်ခဲ့ရာ ယခင်နှစ် ဩဂုတ်လနောက်ပိုင်း



အကြီးမားဆုံး တိုးတက်မှုအဖြစ် မှတ်တမ်းတင်ခဲ့ပြီး ၎င်းမှာလုပ်ငန်းလည်ပတ်မှု အခြေအနေများ တိုးတက်မှုကို အချက်ပြနေကြောင်း S&P Global ၏ အဆိုအရ သိရှိရသည်။

PMI အညွှန်းကိန်း ၅၀ ထက် ကျော်လွန်ခြင်းသည် ကုန်ထုတ်လုပ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ညွှန်ပြနေပြီး အညွှန်းကိန်း ၅၀ အောက်တွင်ရှိခြင်းသည် ကုန်ထုတ်လုပ်မှု ကဏ္ဍ ဆုတ်ယုတ်မှု ဖြစ်ပေါ်နေကြောင်းကို ပြသသည်။

ပြည်ပမှ မှာယူမှုများအပါအဝင် လုပ်ငန်းအသစ်များ တိုးလာခြင်းကြောင့် ထုတ်လုပ်မှုအတွက် တိုးတက်မှုအရှိန်အဟုန်ကို သိသာစွာပံ့ပိုးပေးခဲ့ပြီး လေးလအတွင်း ပထမဆုံးအကြိမ်ဝယ်လိုအား မြှင့်တင်ခြင်းအတွက် အထောက်အကူဖြစ်စေသည်ဟု S&P Global မှ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အရှိန်အဟုန်ဖြင့် တိုးတက်လာသော်လည်း ကုန်ပစ္စည်းထုတ်လုပ်သူများသည်အကောင်းမြင်မှုကျဆင်းလာခြင်းနှင့်အလုပ်အကိုင်များ ရပ်တန့်နေခြင်းကြောင့် ပိုမိုသတိထားလာကြသည်ဟု S&P Global Market Intelligence ၏ စီးပွားရေးတွဲဖက်ဒါရိုက်တာ Jingyi Pan က ပြောကြားခဲ့သည်။

ကုန်ချောများသိုလှောင်မှုသည် နှစ်လဆက်တိုက် မြင့်မားနေပြီးနောက် အနည်းငယ်ကျဆင်းခဲ့ပြီး လုပ်ငန်းများသည် ရောင်းချမှုအတွက် ကုန်ပစ္စည်း အစိတ်အပိုင်းများကို ပိုလျှံသိုလှောင်မှုပြုလုပ် လိုစိတ်နည်းပါးလာခဲ့ကြောင်း Pan က ပြောကြားခဲ့သည်။

ဤအညွှန်းကိန်းများသည် ဇဟိုအဆင့်တွင် ပိုမိုအပြုသဘောဆောင်သော ပုံရိပ်ကို ဖော်ပြ နေသော်လည်း အရာအားလုံး ရှင်းလင်းပြတ်သားမှုမရှိသေးသည်ကို ဖော်ပြသည်ဟု သူမက မှတ်ချက်ပြုခဲ့သည်။

Source:https://english.news.cn/20250701/76d40eaeda1d42e18ceb39e647dc2a0a/c.html

ဒေါ်ကျော့ကေခိုင်
အငယ်တန်းစာရေး
မကွေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

“ရင်းနှီးမြှုပ်နှံမှုနှင့် မူပိုင်ခွင့်”

မျက်မှောက်ခေတ်တွင် စီးပွားရေးနှင့် လူမှုရေးနယ်ပယ်အသီးသီး၌ သိပ္ပံနှင့် နည်းပညာဆိုင်ရာ တီထွင်မှုများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုန်အမှတ်တံဆိပ်နှင့် ဒီဇိုင်း၊ စာပေ၊ အနုပညာဆိုင်ရာဖန်တီးမှုများ စသည်တို့မှာ ယဉ်ကျေးသော လူမှုအဖွဲ့အစည်းအတွက် များစွာအရေးပါသည့် ကိစ္စရပ်များ ဖြစ်လာပါသည်။ ၎င်းတီထွင်ဖန်တီးမှုများကို ဥပဒေအရ အကာအကွယ်ပေးရန်မှာလည်း နိုင်ငံအစိုးရများ၏ အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်လာရာ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် အစိုးရများအနေဖြင့် ဤသို့သောတီထွင်ဖန်တီးမှုများအတွက်သီးခြားဥပဒေများပြဋ္ဌာန်းကာ အကာအကွယ်ပေးလျက်ရှိပါသည်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင်အခြေစိုက်သည့် ကမ္ဘာ့မူပိုင်ခွင့် အဖွဲ့အစည်း (World Intellectual Property Organization -WIPO) သည် မူပိုင်ခွင့်ဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက် ထုတ်ပြန်ခြင်း၊ မူပိုင်ခွင့်အမျိုးအစားများအလိုက် စံနှုန်းများသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

WIPO ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ မူပိုင်ခွင့်ဆိုသည်မှာ တီထွင်မှု (invention)၊ စက်မှုဒီဇိုင်း (industrial design)၊ ကုန်အမှတ်တံဆိပ် (trademark)၊ စာပေနှင့် အနုပညာဆိုင်ရာ ဖန်တီးမှု (literary and artistic creation) စသည့် အမျိုးမျိုးအဖုံဖုံသော ထိတွေ့ကိုင်တွယ်နိုင်ခြင်း မရှိသည့်အရာများအတွက် တီထွင်ဖန်တီးသူများအား ဥပဒေပိုင်းဆိုင်ရာ အကာအကွယ် ပေးခြင်းပင်ဖြစ်ပါသည်။



သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံတွင် မူပိုင်ခွင့် ဥပဒေများအရ တီထွင်ဖန်တီးသူများအနေဖြင့် မိမိတီထွင်ဖန်တီးထားသည်များကို ပိုင်ခွင့် (patents)၊ ကူးယူခွင့် (copyrights) နှင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် (trademark) များအဖြစ် မှတ်ပုံတင် ခြင်းအားဖြင့် ဖန်တီးမှုများအပေါ် ပိုင်ဆိုင်မှုအပြည့်အဝရှိခြင်းကို ဖော်ညွှန်းနိုင်သကဲ့သို့ ဖန်တီးထားသည်များအား အသုံးပြုခြင်း၊ ပုံတူပြုလုပ်ခြင်း၊ ဖြန့်ချိခြင်းတို့အတွက် အခကြေးငွေ အကျိုးစီးပွားကို ရရှိနိုင်ပါသည်။တီထွင်မှုများ၊ စာပေရေးသားခြင်း၊ ကုန်စည်အမှတ်အသား စသည်များတွင် စိတ်ကူးဖန်တီးမှုများကို အကာအကွယ်ပေးခြင်းအားဖြင့် မူပိုင်ခွင့်သည် စီးပွားရေးလုပ်ငန်းများအား သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်နှင့် ကုန်စည်၊ ဝန်ဆောင်မှုအသစ်များ ချဲ့ထွင်

ဆောင်ရွက်ရန် မက်လုံးသဖွယ်အားပေးပါသည်။ အထူးသဖြင့် မူပိုင်ခွင့်မူဘောင်အားကောင်းမှုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်သည့်အပြင် အသိပညာအခြေခံသည့် စီးပွားရေး ဝန်းကျင်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက်လည်း ဦးဆောင်မှုပေးပါသည်။

သို့ဖြစ်ရာ မူပိုင်ခွင့်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူပိုင်ခွင့်ဂေဟစနစ်တွင် ပါဝင်လျက်ရှိသည့် မူဝါဒနှင့် ဥပဒေများ၏ ခိုင်မာအားကောင်းမှု၊ ဥပဒေလိုက်နာအကောင်အထည်ဖော်မှု၊ မူပိုင်ခွင့်အသုံးပြုသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် ကုမ္ပဏီများ၊ နည်းပညာလွှဲပြောင်းမှု၊ သုတေသနနှင့် ဖွံ့ဖြိုးရေး စသည်တို့ ဟန်ချက်ညီစွာဖွံ့ဖြိုးစေခြင်းဖြင့် မူပိုင်ခွင့်နှင့် ဆက်စပ်သည့် စီးပွားရေး ကဏ္ဍများအားလုံး ဖွံ့ဖြိုး တိုးတက်နိုင်မည်ဖြစ်ပါသည်။



အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဒေသတွင်းရှိ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ် စသည့် မိတ်ဖက်နိုင်ငံများပါဝင်သည့် ကမ္ဘာ့အကြီးဆုံးသောကုန်သွယ်ရေးသဘောတူစာချုပ်ဖြစ်သည့် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Regional Comprehensive Economic Partnership- RCEP Agreement) ၏ အခန်း(၁၁) တွင်ကမ္ဘာ့ကုန်သွယ်ရေးနှင့်ပတ်သက်၍ လက်ရှိအသက်ဝင်လျက်ရှိသောနိုင်ငံတကာမူပိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ်များပါအချက်များကို ညွှန်းဆိုဖော်ပြထားပါသည်။



အာဆီယံဒေသတွင်းရှိ ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ချုပ်ဆိုထားသည့် အာဆီယံရင်းနှီးမြှုပ်နှံမှု ဘက်စုံသဘောတူညီချက် (ASEAN Comprehensive Investment Agree-ment-ACIA) တွင်လည်း ရင်းနှီးမြှုပ်နှံမှုကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ရင်းနှီးမြှုပ်နှံသူက ပိုင်ဆိုင် (သို့) ထိန်းချုပ်သည့် မူပိုင်ခွင့်နှင့် အမည်ကောင်းဂုဏ်သတင်း အပါအဝင် ပစ္စည်းများ (Every kind of assets owned or controlled by an investor, including intellectual property rights and goodwill) ဟူ၍ ထည့်သွင်းအဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။

ACIA သဘောတူညီချက်အရ ရင်းနှီးမြှုပ်နှံမှုကို လက်ခံသည့် နိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးရာတွင် အောက်ပါ မူပိုင်ခွင့်ဆိုင်ရာများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်-

(က) တီထွင်မှုပိုင်ခွင့် (Patents)

(ခ) မှတ်ပုံတင်ထားသည့် ကုန်သွယ်မှု အမှတ်အသားများ (Registered trademarks)

(ဂ) ပထဝီအညွှန်းကိန်းများ (Geographical Indications-GI)

(ဃ) ကုန်သွယ်ရေးဆိုင်ရာ လျှို့ဝှက်ချက် (Trade Secrets)

(င) စက်မှုဒီဇိုင်း (Industrial Designs)

(စ) ကူးယူခွင့် (Copyrights) တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မူပိုင်ခွင့်အမျိုးအစားအလိုက်ဥပမာအားဖြင့် (အရာတော်) သနပ်ခါးကဲ့သို့ ဒေသအလိုက် ပထဝီအညွှန်းကိန်း (GI) မှတ်ပုံတင်ရေးမှာ အရေးကြီးသကဲ့သို့ လူမှုစီးပွားကဏ္ဍတွင် အနုပညာတီထွင်မှု မူပိုင်ခွင့်နှင့် ကူးယူခွင့်များမှာလည်း အရေးပါပါသည်။ အလားတူ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ အပါအဝင် စက်မှုကုန်ထုတ်လုပ်မှု ကဏ္ဍတွင် စက်မှုလုပ်ငန်းရှင်များ၏ ကုန်အမှတ်တံဆိပ်ကို အကာအကွယ်ပေးမှုမှာ အထူး လိုအပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်လျက် ၂၀၁၉ ခုနှစ်အတွင်း မူပိုင်ခွင့်ဥပဒေ ၄ ရပ် ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်တွင် မူပိုင်ခွင့်ဦးစီးဌာနကို ၂၀၂၀ ပြည့် နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ မူပိုင်ခွင့်ဦးစီးဌာနသည် မူပိုင်ခွင့်လျှောက်ထားလွှာများကို အွန်လိုင်း စနစ်ဖြင့်လည်းကောင်း၊ လူကိုယ်တိုင်လျှောက်ထားခြင်း အားဖြင့်လည်းကောင်း လက်ခံမှတ်ပုံတင်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိအခြေအနေတွင် ကုန်အမှတ်တံဆိပ် တစ်ခုတည်း လျှောက်ထားမှုပင်လျှင် အရေအတွက် အားဖြင့် သောင်းကဏန်းရှိနေပြီဖြစ်ပါသည်။

မူပိုင်ခွင့်ရှုထောင့်မှ ဖေါ်ပြပါအတိုင်း ဥပဒေပိုင်းဆိုင်ရာနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ဖြစ်ပေါ် တိုးတက်မှုများရှိလာသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုရှုထောင့် အနေဖြင့်လည်း မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် မူပိုင်ခွင့်ဆိုင်ရာနှင့် ပတ်သက်၍

အခန်း (၁၀)၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစား သတ်မှတ်ခြင်းပုဒ်မ ၄၀ တွင် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားများကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ နည်းပညာကျွမ်းကျင်မှု၊ တီထွင်မှု မူပိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် အပါအဝင် ဥပဒေများနှင့်အညီ အသိဉာဏ်ပစ္စည်းဆိုင်ရာအခွင့်အရေးများကို ရင်းနှီးမြှုပ်နှံမှုအဖြစ် ယူဆကြောင်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်ရေးအတွက် အဆိုပြုချက်ပုံစံ (၂) အရ တင်ပြလျှောက်ထားရာ၌ မတည်ငွေရင်းပိုင်ဆိုင်မှုကို တွက်ချက်ဖော်ပြရာတွင် လိုင်စင်၊ တီထွင်မှုပိုင်ဆိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ် စသည့် အသိဉာဏ်ဆိုင်ရာ အခွင့်အရေးများကို ရင်းနှီးမြှုပ်နှံမှုအဖြစ် တန်ဖိုးပမာဏ ငွေသားဖြင့်သတ်မှတ်တင်ပြခြင်းကို ခွင့်ပြုထားပါသည်။ အလားတူ ခွင့်ပြုချက် ရရှိပြီးသော ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ နှစ်စဉ်တင်ပြရသည့် အစီရင်ခံစာများတွင်လည်း မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ပိုင်ဆိုင်မှု (Assets) အဖြစ် တန်ဖိုးသတ်မှတ်ဖော်ပြရန် ခွင့်ပြုထားပါသည်။

ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ဥပဒေလိုအပ်ချက်များအရ နိုင်ငံခြားကုမ္ပဏီများသည် မြန်မာကုမ္ပဏီများနှင့် ကုမ္ပဏီတစ်ခုတည်းအဖြစ် ပေါင်းစည်းခြင်းနှင့် ဝယ်ယူခြင်း (Merger & Acquisition) ဆောင်ရွက် ရာတွင် (သို့မဟုတ်) ကုမ္ပဏီ ၂ ခု ပေါင်းစည်းထားသည့် ဖက်စပ် (Joint Venture) ကုမ္ပဏီအဖြစ် တည်ထောင်ရာတွင် စာရင်းကိုင်ရှုထောင့်မှ နှစ်ဖက်ပိုင်ဆိုင်မှုများ တန်ဖိုးစိစစ်ခြင်းလုပ်ငန်းစဉ် (Due-diligence) ၌ ဤအခွင့်အရေးအရ မူပိုင်ခွင့်ကို ငွေကြေးဖြင့် တန်ဖိုးဖြတ် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အလားတူ ဥပဒေ ပုဒ်မ ၃၈ အရ ခွင့်ပြုပြီးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မိမိလုပ်ငန်းနှင့် ပတ်သက်၍ အကျဉ်းချုပ်တင်ပြရာတွင် လျှို့ဝှက်ထိန်းသိမ်းလိုသော သတင်းအချက်အလက်များ (Business Secrets) အဖြစ် အများပြည်သူသို့ ထုတ်ပြန်ခြင်းမှ ရှောင်ကြဉ်ရန် ကော်မရှင်သို့ တင်ပြတောင်းဆိုနိုင်ကြောင်း ခွင့်ပြုထားပါသည်။

ဥပဒေ၏ အခန်း (၁၅)၊ ပုဒ်မ ၅၆ တွင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်မှု မက်လုံးတစ်ရပ်အဖြစ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ထွက်ပေါ်လာသည့် အမြတ်ငွေအပြင် မူပိုင်ခ၊ နည်းပညာအကူအညီ ထောက်ပံ့မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခကြေးငွေများကိုလည်း နိုင်ငံရပ်ခြားသို့ ပြန်လည်လွှဲပြောင်းရန် ခွင့်ပြုထားပါသည်။ ထို့ပြင် ဥပဒေ၏အခန်း (၁၈)၊ ပုဒ်မ ၇၈(ဂ) တွင် ဝင်ငွေခွန်ကင်းလွတ်

ခွင့် မက်လုံးအဖြစ် ခွင့်ပြုစီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှ နှုတ်ပယ်ရန်ခွင့်ပြုထားပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆) ခုနှစ် ပြဋ္ဌာန်းစဉ်က မူပိုင်ခွင့် ဆိုင်ရာကိစ္စရပ်များကို အထက်ဖော်ပြပါအတိုင်း ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း ထိုစဉ်က မြန်မာနိုင်ငံ၏ မူပိုင်ခွင့်ဆိုင်ရာ ပြည့်စုံသော ဥပဒေမရှိသေးခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် မူပိုင်ခွင့်ဆိုင်ရာ ပေါင်းစပ်ဆောင်ရွက်နိုင်မှုမှာ နည်းပါးခဲ့ပါသည်။ ယခုအခါ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မူပိုင်ခွင့် ဥပဒေများတွင် ညီညွတ်သည့်ပြဋ္ဌာန်းချက်များ ပြည့်စုံလာပြီဖြစ်သည့် အလျောက် မူပိုင်ခွင့်အကာ အကွယ်လိုအပ်သည့် ပြည်ပမှ နည်းပညာ ယူဆောင်လာနိုင်သည့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊ စွမ်းအင်၊ စက်မှုကုန်ထုတ်လုပ်မှု စသည့် ကဏ္ဍများ၊ လုပ်ငန်းအမှတ်အသား (Brand) နှင့် ကုန်အမှတ်တံဆိပ် (Trademark) ဆိုင်ရာ အကာအကွယ် ပေးမှုလိုအပ်သည့် မော်တော်ယာဉ်တပ်ဆင် ထုတ်လုပ်ခြင်း၊ နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ခြင်း၊ စားသောက်ကုန်ထုတ်လုပ်ခြင်းကဲ့သို့ လုပ်ငန်းများကို ပြည်တွင်းဥပဒေများအရ အကာအကွယ် ပေးနိုင်လာပြီဖြစ်ပါသည်။

သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများအားဆွဲဆောင်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၏ အခွန်နှင့် အခွန် မဟုတ်သော မက်လုံးပေးမှုများ၊ မူပိုင်ခွင့် ဥပဒေနှင့် ပေါင်းစပ်ကာ အကာအကွယ်ပေးနိုင်မှုများကို ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာထားခြင်းဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးပွဲများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံပွဲများ၊ ဥပဒေကျွမ်းကျင်သူ အဖွဲ့အစည်းများ၊ စာရင်းကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများတွင် သတင်းအချက်အလက်မျှဝေခြင်းခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင် လာစေနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

Source:
- မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)
- https://www.ipd.gov.mm
- https://www.wipo.int
- https://www.wipo.int/en/web/about-
- https://www.lexology.com/library/detail
- Lawbhoomi.com

ရီရီထွေး
ညွှန်ကြားရေးမှူး
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ရင်းနှီး/ စီးပွား ပြည့်စွမ်းအား



ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။

www.mifer.gov.mm